# ကြေးမုံ

## The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


### ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဌ်မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 22 January 2025 ၁၁၇၁၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး ဗိုလ်ချုပ်ကြီး ဒီရစ်ဘွန်ကန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## နယ်စပ်ဒေသတွင်ဖြစ်ပွားလျက်ရှိသည့် တရားမဝင်လူကုန်ကူးမှုများ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုများ ပပျောက်ရေးအတွက် နှစ်နိုင်ငံအစိုးရနှင့်တပ်မတော်အကြား ပူးပေါင်းဆောင်ရွက်သင့်သည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် Army Operations Center၊ Neighboring Countries Coordination Center(NCCC) ဌာန တာဝန်ခံ General Direk Bongkarn ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ကောင်းမွန်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော် နှစ်ရပ်အကြား ခေါင်းဆောင်များနှင့် အဆင့်မြင့်တပ်မတော် အရာရှိကြီးများ


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဒီရစ်ဘွန်ကန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**ယနေ့ ဖတ်စရာ**

**ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် အဆောက်အအုံများပျက်စီးခဲ့မှု အခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ**


စာမျက်နှာ » ၄


**သတင်းမီဒီယာများတွင် အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးအားမြှောက်ပြုသည့် သတင်းများ၊ ပြည်သူများ အထိတ်တလန့်ဖြစ်စေသည့် သတင်းများ၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေမည့် သတင်းများကို ရေးသားဖော်ပြခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့် အရေးယူဆောင်ရွက်မည်ဟု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြောကြား**


စာမျက်နှာ » ၈

ကြေးမုံ

# စီးပွားရေးအားကောင်းအောင်ကြိုးပမ်း နိုင်ငံတော်နှင့် ပြည်သူအကျိုးသယ်ပိုးနိုင်

နိုင်ငံတစ်နိုင်ငံသည် မည်သည့်အခြေအနေတွင်ရှိသည်ဖြစ်စေ စီးပွားရေးသို့မဟုတ် ခေနဥစ္စာပြည့်စုံရေးကို ဆောင်ရွက်နေကြရသည်။ နိုင်ငံတွင် မည်သို့ပင် အခက်အခဲများ၊ စိန်ခေါ်မှုများရှိသော်ငြားလည်း စီးပွားရေးတိုးတက်ပါမှ အရာရာကို ကျော်ဖြတ်နိုင်မည်ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးအားကောင်းမှသာလျှင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး စသည့်အဘက်ဘက်တို့တွင် အားကောင်းလာမည်ဖြစ်၍ နိုင်ငံ့စီးပွားရေးအားကောင်းလာအောင် အားလုံးတက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံ့စီးပွားရေးတိုးတက်မြင့်မားလာပါက နိုင်ငံတည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်သည့်အပြင် ပြည်သူလူထု၏ လိုအပ်ချက်များ၊ အခက်အခဲများ၊ သက်သာချောင်ချိမှုများကိုပါ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူလူထုလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာ၌ အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာနေကြရသည့် ပြည်သူများအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးရန်ပုံငွေမှ ထောက်ပံ့မှုများမှာ လက်ရှိကာလ ဦးစားပေးအစီအစဉ်တစ်ခုဖြစ်သည်။

နိုင်ငံ့စီးပွားရေးတိုးတက်လာစေရန်အတွက် ပညာတတ်နှင့် ကျွမ်းကျင်သူလူသားအရင်းအမြစ်များလိုအပ်သည်။ အဆိုပါလူသားအရင်းအမြစ်များရရှိရန်အတွက် ပညာရေးကဏ္ဍကို မြှင့်တင်ပေးရသည်။ ပညာရေးကိုမြှင့်တင်ရာ၌ နိုင်ငံ၏ လူမှုဘဝအခြေအနေအရ KG+9 အထိ မသင်မနေရပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ ထို့ပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာအထက်တန်းကျောင်း ၈၅ ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါကျောင်းများတွင် KG+9 ပြီးဆုံးသူများ တက်ရောက်နိုင်သည်။

မြန်မာနိုင်ငံအနေဖြင့် ခေတ်မီစိုက်ပျိုးမွေးမြူရေးစနစ်သို့ သွားနိုင်ရန်အတွက် ဦးစွာ သမားရိုးကျစိုက်ပျိုးမွေးမြူရေးစနစ်များအစား စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးသို့သွားရန်လိုသည်။ ၎င်းစနစ်အတွက် လူသားအရင်းအမြစ်များလိုအပ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ကျွမ်းကျင်မှုရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ဒေသအလိုက်ရှိပြီးဖြစ်သည့် ထိန်းသိမ်းရန်လိုအပ်သည့် မြန်မာ့ယဉ်ကျေးမှု အတတ်ပညာရပ်များကိုလည်း ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် လူသားအရင်းအမြစ်များ လိုအပ်လျက်ရှိသည်။ စီးပွားရေးတိုးတက်ရန်အတွက် စီးပွားရေးပညာရှင်များကိုလည်း မွေးထုတ်ပေးရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံအတွက် အခြေခံလိုအပ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် အသိပညာ၊ အတတ်ပညာများ သင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်က ပညာသင်စရိတ်များကို ချီးမြှင့်ပေးသွားမည်ဟု သိရသည်။ လူသားအရင်းအမြစ်များ အဆက်မပြတ်စေရန်အတွက် ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ ကျောင်းတက်ရောက်နိုင်ရေးကို နိုင်ငံတော်အစိုးရက နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာတက္ကသိုလ်များကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ အရည်အသွေးပြည့်မီပြီး အဆင့်အတန်းမြင့်မားသော ထုတ်ကုန်များ ထုတ်လုပ်လာမည်ဆိုပါက စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ တွင်ကျယ်စွာအသုံးပြုလာကြပြီး နိုင်ငံခြားငွေကုန်ကျမှုများကို လျှော့ချနိုင်မည်ဖြစ်သည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် ပြည်တွင်းစီးပွားရေး အားကောင်းမှုအပေါ်တွင် မူတည်သဖြင့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများ အရည်အသွေးမြင့်မားရေး၊ အခြားနိုင်ငံများ၏ ထုတ်ကုန်များနည်းတူ အဆင့်အတန်းမီရေးအတွက် နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးပေးမှုများကိုရယူ၍ အဆင့်အတန်းမြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

လက်ရှိတွင် ဆီထွက်သီးနှံအမျိုးမျိုးကို ကြိတ်ခွဲပေးနိုင်သည့် ဆီစက် ၅၀၀၀ ခန့်ပြန်လည်လည်ပတ်နေပြီဖြစ်၍ ပြည်တွင်း၌ ဆီဖူလုံမှုရှိလာနိုင်ပြီး ပြည်ပမှ တင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ထွက်ရှိသောဆန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်ယူရန်ကမ်းလှမ်းခဲ့ပြီး ဆန်တန်ချိန်အမြောက်အမြားကို အသုတ်လိုက်တင်ပို့နေသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးအရ အလားအလာကောင်းများရှိသလို စိန်ခေါ်မှုများလည်း များစွာရှိနေသေးသည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်နိုင်ငံအနေဖြင့် ရေခံမြေခံအခြေခံနှင့် အရင်းအမြစ်များရှိပြီးဖြစ်၍ နည်းပညာ၊ အတတ်ပညာ၊ အရင်းအနှီးပံ့ပိုးမှုအားများကိုယူကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာအောင် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးဦးသန်းဆွေ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသို့ ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၂၁

ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂)ဖြစ်သူ ဒါတိုဆရီဆတီယာဟာဂျီ အယ်ရီဝမ်ဘင်ပီဟင်ယူဆွတ်၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်

## ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတရွေးကောက်ပွဲလေ့လာရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုယ်စားလှယ်အဖွဲ့ ထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၂၁

ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတရွေးကောက်ပွဲကို လေ့လာရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းနှင့် ဦးမြင့်သိန်းတို့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်

**၂၁ - ၁ -၂၀၂၅ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ဂရမ်) ၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၄၁၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၁ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၂၇၉ | ၂,၂၃၂,၀၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၁၆၈ | ၅၂၉,၂၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၅၀ | ၄၀၅,၀၀၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၅၁၅ | ၉၅၃,၅၀၀ |
| TMH | ၃,၂၀၀ | ၃,၂၀၀ | ၁,၁၀၆ | ၃,၅၃၄,၁၅၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၁,၆၉၁ | ၂,၈၁၃,၀၀၀ |
| AMATA | ၄,၀၀၀ | ၄,၂၀၀ | ၉၈၇ | ၃,၉၈၃,၆၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၂၁၂ | ၆၈၉,၀၀၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက် )

☆ ရှေ့ဖုံးမှ

အချင်းချင်း ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက် ရှိသကဲ့သို့ ပူးပေါင်း ဆောင်ရွက်မှုများ တိုးတက် ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား အဆင့်အလိုက် အစည်းအဝေးများ နှစ်စဉ်အောင်မြင်စွာကျင်းပနိုင်မှု အခြေအနေများ၊ နယ်စပ်ဒေသတွင် ဖြစ်ပွားလျက်ရှိသည့် တရားမဝင် လူကုန်ကူးမှုများ၊ အွန်လိုင်းငွေကြေး လိမ်လည်မှုများ ပပျောက်ရေးအတွက် နှစ်နိုင်ငံ အစိုးရနှင့် တပ်မတော်အကြား ပူးပေါင်း ဆောင်ရွက်သင့်သည့် ကိစ္စရပ်များ၊ ထိုင်းနိုင်ငံမှ မြန်မာရေပိုင်နက်အတွင်း တရားမဝင် ငါးဖမ်းလှေနှင့် လှေလုပ်သားများ အပေါ် မြန်မာနိုင်ငံမှ အရေးယူထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်လိုသည့် အစီအစဉ်များ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်တပ်မတော် အရာရှိကြီးများ ချစ်ကြည်ရေးခရီးများ လည်ပတ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ထိုင်းဘုရင့် ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့် ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့်အတူ ထိုင်းဘုရင့်တပ်မတော် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်ကြည်းတပ်စစ်သံမှူး Senior Colonel Thanwit Yomchinda (တန်ဝစ်ယုံချင်ဒါ)တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ထိုင်းဘုရင့်ကြည်းတပ်ဦးစီးချုပ်ရုံး အကြံပေးဘုတ်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ဒီရစ်ဘွန်ကန်တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်စဉ်။



## ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပပြုလုပ်




နေပြည်တော် ဇန်နဝါရီ ၂၁

ထိုင်းဘုရင့်တပ်မတော်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့ Novotel Hotel ၌ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Mongkol Visitstump၊ (ကြည်း၊ ရေ၊ လေ၊ ရဲ) စစ်သံမှူးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နှစ်နိုင်ငံနိုင်ငံတော်သီချင်းများဖွင့်၍ အလေးပြုကာ ဖွင့်လှစ်ကြသည်။ ထို့နောက် သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းဘုရင့်တပ်မတော်ဆိုင်ရာ ဗီဒီယိုပြသမှုကို ကြည့်ရှုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် ထိုင်းနိုင်ငံသံအမတ်ကြီးတို့က အထိမ်းအမှတ် ကိတ်မုန့်လှီးဖြတ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများနှင့်အတူ ညစာကို အတူတကွသုံးဆောင်ကြပြီး သရုပ်ပြဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးကြကာ စစ်သံမှူး Senior Colonel Thanwit Yomchinda က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

## တိုင်းပြည်သာယာဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့

# ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် အဆောက်အအုံများပျက်စီးခဲ့မှုအခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

## ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ပညာရပ်များကို စဉ်ဆက်မပြတ်ဆည်းပူးလေ့လာနိုင်ရန် လွိုင်ကော်တက္ကသိုလ်ကို မဖြစ်မနေပြန်လည်ပြင်ဆင်ပြီး အမြန်ဆုံးပြန်လည်ဖွင့်လှစ်သွားကြရမည်

**နေပြည်တော် ဇန်နဝါရီ ၂၁**

KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ကယားပြည်နယ်အတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန် ရည်ရွယ်၍ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ လူနေ အဆောက်အအုံများ၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို အကာအကွယ်ရယူ၍ အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည့်အပြင် စစ်ရေးနှင့် သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကာ ပညာရေးဆိုင်ရာ အဆောက်အအုံများ ဖျက်ဆီးခြင်း၊ တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပါမောက္ခချုပ် အပါအဝင် ဆရာ ဆရာမများ၊ ပညာရေးဆိုင်ရာ ဝန်ထမ်းများနှင့် ပညာ သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို လူသားတံတိုင်းအနေဖြင့် အကာအကွယ်ပြုတိုက်ခိုက်ခြင်း၊ နိုင်ငံအတွက် အရေးကြီးသည့် ပညာရေးဆိုင်ရာ အဆောက်အအုံများကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေဘဲ တိုင်းပြည်၏အနာဂတ်ကို ပျက်စီးစေလိုသည့်၊ အသိဉာဏ်ကင်းမဲ့သည့် လူမဆန်သော လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် အဆောက်အအုံများပျက်စီးခဲ့မှုအခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ယခုအခါ ကယားပြည်နယ် လွိုင်ကော်ဒေသသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ ကြိုးပမ်း ဆောင်ရွက်မှုများကြောင့် ပုံမှန်အခြေအနေအတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းလာပြီ ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ အဆက်မပြတ် ပြန်လည် ဝင်ရောက်နေထိုင်လျက်ရှိပြီး လိုအပ်သည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသခံများ၏ ပညာသင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေရေးအတွက် လွိုင်ကော်တက္ကသိုလ် အမြန်ဆုံး ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး အထူးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားထားသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အရှိန်အဟုန်ဖြင့် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကယားပြည်နယ် လွိုင်ကော် တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် အဆောက်အအုံများ ပျက်စီးခဲ့မှုအခြေအနေနှင့် ပြန်လည်ပြုပြင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ကယားပြည်နယ်လူမှုရေးဝန်ကြီးတို့က ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးက ပညာရေးကို ကမ္ဘာ့လူမှုအသိုင်းအဝိုင်းက မည်မျှအလေးထားသည်ကို ကြည့်မည်ဆိုပါက စာသင်ကျောင်းများကို စစ်ရေးဆိုင်ရာအဖြစ် အသုံးပြုခြင်းများ၊ စာသင်ကျောင်းများကိုပစ်မှတ်ထားတိုက်ခိုက်ခြင်းများကို တားမြစ်ထားသည့် **ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ်၊ ၂၆၀၁(၂၀၂၁)**ကို လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံက တညီတညွတ်တည်း ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြကြောင်း၊ အဆိုပါဆုံးဖြတ်ချက်ထဲတွင် ပါဝင်သည့် အဓိကအချက်များ အနေဖြင့် ကလေးများ၊ ကျောင်းများနှင့် ဆရာများကို မတိုက်ခိုက်ရန်၊ လက်နက်ကိုင်ပဋိပက္ခအတွင်းတွင် ပညာသင်ကြားခွင့်ကို အကာအကွယ်ပေးရန်၊ ကျောင်းများသည် ပညာရေးအတွက် လုံခြုံစိတ်ချရသည့်နေရာ ဖြစ်ရန်၊ ကျောင်းများသည် အရပ်ဘက် စရိုက်လက္ခဏာ ရှိသည်ဖြစ်၍ လေးစားကာကွယ်ရန်၊ လက်နက်ကိုင် ပဋိပက္ခဖြစ်နေပါကလည်း ပညာသင်ကြားခွင့်ကို လွယ်ကူချောမွေ့စွာ ဆက်လက်ရရှိရန် ဆိုသည့် အချက်များပင်ဖြစ်ကြောင်း။ **စာမျက်နှာ ၅ သို့** ☆



ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် သုံးထပ်ပင်မဆောင် (ပေ ၄၀၀ x ၈၃ ပေ) အတွင်းပိုင်းပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။



ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် နှစ်ထပ်ဘွဲ့နှင်းသဘင်ခန်းမ (၁၈၈ ပေ x ၁၆၄ ပေ) အတွင်းပိုင်းပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။





KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက စစ်ရေးပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အတွင်း စီးနင်းဝင်ရောက်မှုအား အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့ရစဉ်။

☆ စာမျက်နှာ ၄ မှ

ကမ္ဘာ့နိုင်ငံ အများစုက ထောက်ခံအတည်ပြုထားသည့် **လုံခြုံစိတ်ချသည့် ကျောင်းများဆိုင်ရာကြေညာချက် (The Safe Schools Declaration)** တွင်လည်း လက်နက်ကိုင်ပဋိပက္ခ၏ အဆိုးရွားဆုံး သက်ရောက်မှုများကနေ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ကျောင်းများနှင့်တက္ကသိုလ်များကိုကာကွယ်ရန် အကြမ်းဖက်မှု သို့မဟုတ် တိုက်ခိုက်မှုများကို စိုးရိမ်ကြောင့်ကြစရာမလိုဘဲ ပညာသင်ကြားခွင့်ရရှိရန်၊ ဆရာ ဆရာမ၊ ပါမောက္ခနှင့် ကျောင်း အုပ်ချုပ်သူတိုင်းသည် ဘေးကင်းရေး၊ လုံခြုံရေးနှင့် ဂုဏ်သိက္ခာဆိုင်ရာ အခြေအနေများတွင် သင်ကြား သုတေသနပြုနိုင်ရန်၊ တက္ကသိုလ်တိုင်းသည် ကျောင်းသားများနှင့် ပညာရှင်များအတွက် လုံခြုံသည့်နေရာဖြစ်ရန် စသည့်အချက်များ ပါဝင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။



KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်မှ ဆရာ ဆရာမအချို့အား ရက်စက်စွာသတ်ဖြတ်ထားရှိမှုကို အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့ရစဉ်။

### ဖွင့်လှစ်ပို့ချ

မြန်မာနိုင်ငံ အနှံ့အပြားတွင် ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင့်မြင့်ပညာရပ်များကို အဆင်ပြေပြေ သင်ယူလေ့လာနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီတွင် အနည်းဆုံး တက္ကသိုလ်တစ်ခု ဖွင့်လှစ်ထားရှိကြောင်း၊ ကယားပြည်နယ် တွင်လည်း လွိုင်ကော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေး ဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ တို့ကို ပြည်နယ်မြို့တော် ဖြစ်သည့် လွိုင်ကော်မြို့တွင် ဖွင့်လှစ်ထားရှိခဲ့ကြောင်း၊ လွိုင်ကော်မြို့၏ ပညာကျက်သရေဆောင် လွိုင်ကော်တက္ကသိုလ်တွင် ဝိဇ္ဇာသိပ္ပံ ဘာသာရပ်ဆိုင်ရာ ရိုးရိုးဘွဲ့သင်တန်းများအပြင် မဟာဘွဲ့သင်တန်းများအထိ ဖွင့်လှစ်ပို့ချခဲ့ပြီး ပြည်နယ်၊ ပြည်မမှ ဆရာ ဆရာမများ၊ ဝန်ထမ်းများ လာရောက်သင်ကြားပို့ချ တာဝန်ထမ်းဆောင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ နေ့သင်တန်းနှင့် အဝေးသင်သင်တန်း ကျောင်းသား ကျောင်းသူများစွာ အဆင့်မြင့်ပညာ ဆည်းပူးခဲ့ကြသည့် တက္ကသိုလ်တစ်ခုလည်း ဖြစ်ကြောင်း။



KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လွိုင်ကော်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားမှုကို အွန်လိုင်းအထောက်အထားဓာတ်ပုံများမှတစ်ဆင့် တွေ့ရစဉ်။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တွင် KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့သည် စစ်ရေးပစ်မှတ်မဟုတ်သည့် ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်ကို မိုက်မိုက်မဲမဲ မဆင်မခြင် လက်နက်ကြီး၊ လက်နက်ငယ်များနှင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်လုံခြုံရေးတာဝန် ထမ်းဆောင်နေသည့် လုံခြုံရေး အဖွဲ့များကိုလည်း သာလွန်အင်အားများဖြင့် အလစ်အငိုက် ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ကြကြောင်း၊ ထိုသို့ စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် တက္ကသိုလ်၏ ပညာရေးဆိုင်ရာ အဆောက်အအုံများကို အဆင်အခြင် ကင်းမဲ့စွာ ဖျက်ဆီးခဲ့ကြကြောင်း၊ အဆိုပါ တက္ကသိုလ်ကြီးတွင် တာဝန်ထမ်းဆောင်နေသည့် ပါမောက္ခချုပ်အပါအဝင် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်း ၁၃၂ ဦးနှင့် အတူ မှီခိုသူ မိသားစုဝင် ၆၄ ဦး၊ စုစုပေါင်း ၁၉၆ ဦးနှင့် ကျောင်းသားများ အသုတ်လိုက် အတင်းအဓမ္မဖမ်းဆီးချုပ်နှောင် ခေါ်ဆောင်သွားခြင်းခံခဲ့ရကြောင်း၊ ထိုသို့ တိုက်ပွဲဖြစ်ပွားချိန်တွင် ဆရာ ဆရာမများ အနေဖြင့် နီးစပ်ရာ စာသင်ခန်းများ၊ နေအိမ်များတွင် ကြောက်လန့်တကြား ပုန်းအောင်းနေထိုင်ခဲ့ကြရကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ ထိခိုက်ဒဏ်ရာ မရရှိစေရေး၊ ဘေးကင်းလုံခြုံစေရေးကို အဓိကထား ဆောင်ရွက်ခဲ့သည့်အပြင် ကယားပြည်နယ်၏ အဆင့်မြင့်ပညာသင်ကြားရာ လွိုင်ကော်တက္ကသိုလ်၏ပင်မဆောင်၊

စာမျက်နှာ ၆ သို့ ☆



ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် M&E (Internal and External lines) ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။
(ပျက်စီးမှု ခန့်မှန်းတန်ဖိုး – ကျပ် ၁၀၀.၀၀ သန်း)



ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် နှစ်ထပ် ပါမောက္ခချုပ်နေအိမ် (၄၁ ပေ x ၃၄၀ ပေ)ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။
(ပျက်စီးမှု ခန့်မှန်းတန်ဖိုး– ကျပ် ၂၀၀.၀၀ သန်း)



ကယားပြည်နယ် လွိုင်ကော်တက္ကသိုလ်အား အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် နှစ်ထပ်စာသင်ဆောင် (၂၀၈ ပေ x ၃၈ ပေ) အတွင်းပိုင်း ပျက်စီးမှုအခြေအနေကို တွေ့ရစဉ်။



လွိုင်ကော်မြို့ အခြေအနေတည်ငြိမ်မှုရှိလာပြီးနောက် လွိုင်ကော်ယဉ်ကျေးမှုပြတိုက်တွင် သန့်ရှင်းရေး ပြုလုပ်နေမှုအား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ လှည့်လည်ကြည့်ရှုစဉ်။



လွိုင်ကော်မြို့ အခြေအနေတည်ငြိမ်မှုရှိလာပြီးနောက် လွိုင်ကော်တက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။




လွိုင်ကော်မြို့ အခြေအနေတည်ငြိမ်မှုရှိလာပြီးနောက် လွိုင်ကော်လေယာဉ်ကွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

☆ စာမျက်နှာ ၅ မှ

ဘွဲ့နှင်းသဘင်ခန်းမ၊ စာသင်ဆောင်များကို တန်ဖိုးထားပြီး ထိန်းထိန်းသိမ်းသိမ်း တုံ့ပြန်ခဲ့ကြကြောင်း၊ သို့သော် KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့သည် စစ်ရေးပစ်မှတ်မဟုတ်သည့် နိုင်ငံအတွက် တန်ဖိုးထားအပ်သော အရပ်ဘက်ပညာရေးဆိုင်ရာ အဆောက်အအုံများကို ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းများ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများကို အသက်အန္တရာယ်ဖုန်မှ ကင်းလွတ်ရာနေရာသို့ ထွက်ခွာခွင့်ပြုရမည့်အစား အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ပြီး လူသားတံတိုင်းအဖြစ် အသုံးချခဲ့ခြင်းများသည် စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းပင်ဖြစ်ကြောင်း။

လက်နက်ဟူ၍ အပ်တိုတစ်ချောင်းတောင် မရှိသည့် မြေဖြူသာရှိသော အပြစ်မဲ့ ဆရာဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ နိုင်ငံ့အနာဂတ်အတွက် အားကိုးအားထား ပြုရမည့် ကျောင်းသား ကျောင်းသူများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းသည် နိုင်ငံတော်၏ အနာဂတ်ကို ရိုက်ချိုးဖျက်ဆီးသည့် စဉ်းစားဉာဏ်ကင်းမဲ့သော လူမဆန်သည့် လက်နက်အားကိုး အကြမ်းဖက်လုပ်ရပ်ပင်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်တွင် ဖြေဆိုရမည့် အဝေးသင်တက္ကသိုလ် တတိယအသုတ် စာမေးပွဲကိုလည်း ကျင်းပနိုင်ခြင်းမရှိတော့ဘဲ လွိုင်ကော် တက္ကသိုလ်ကြီးကို ပိတ်ခဲ့ရသည်မှာ ယနေ့အထိပင်ဖြစ်ပြီး အဆိုပါဖြစ်ရပ်ကို သိရှိကြသည့် ကမ္ဘာ့ပညာတတ် အသိုင်းအဝိုင်းအနေဖြင့် ရင်ထုမနာ စိတ်မကောင်း ဖြစ်နေကြမည်မှာ အသေအချာပင် ဖြစ်ကြောင်း။

အခုအခါ လွိုင်ကော်မြို့၏ အခြေအနေမှာ တည်ငြိမ်မှုရှိနေပြီဖြစ်သည့်အတွက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ကစပြီး လွိုင်ကော်နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံတို့ကို ပြန်လည်ဖွင့်လှစ်ပေးပြီး ဒေသခံကျောင်းသား ကျောင်းသူများ စဉ်ဆက်မပြတ် ပညာသင်ယူမှု အခွင့်အရေး မဆုံးရှုံးအောင် ဆောင်ရွက်ပေးခဲ့ကြောင်း။

ဝိဇ္ဇာ သိပ္ပံဘာသာရပ်များကို သင်ယူဆည်းပူးနိုင်သည့် နေ့သင်တန်းနှင့် အဝေးသင်တက္ကသိုလ်သင်တန်းများ တက်ရောက်ရန် အခက်အခဲ ကြုံတွေ့နေသည့် ကျောင်းသား ကျောင်းသူထောင်ပေါင်းများစွာ အတွက် **"လွိုင်ကော်တက္ကသိုလ် အမြန်ဆုံး ပြန်လည်ပြင်ဆင်ဖွင့်လှစ်နိုင်ရေး"** ကို ယနေ့အစည်းအဝေးက ညှိနှိုင်းဆွေးနွေးပေးကြရမည် ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနက လွိုင်ကော်တက္ကသိုလ် ပျက်စီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေး ဝန်ကြီးဌာနက ပြန်လည်ပြုပြင်နိုင်မည့် အခြေအနေနှင့် ခန့်မှန်းကုန်ကျစရိတ်တွက်ချက်တင်ပြရန် ဖြစ်ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက လွိုင်ကော်တက္ကသိုလ်ကို အထူးကိစ္စတစ်ရပ် အနေဖြင့် ပြန်လည်ပြုပြင်နိုင်ရန် ရန်ပုံငွေ ထုတ်ယူသုံးစွဲနိုင်မှု အခြေအနေကို ရှင်းလင်းဆွေးနွေးပေးရန် ဖြစ်ကြောင်း၊ နယ်မြေလုံခြုံရေးနှင့် အုပ်ချုပ်မှုကိစ္စများကို ကယားပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြပြီး ပံ့ပိုးပေးရန် မှာကြားလိုကြောင်း။

## ရှင်းလင်းတင်ပြ

နိုင်ငံတော်၏ အနာဂတ်ကို ပညာနှင့်သာ တည်ဆောက်ရမည်ဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များ မွေးထုတ်နိုင်ရန်၊ ကျောင်းသား ကျောင်းသူများ တက္ကသိုလ် ပညာရပ်များကို စဉ်ဆက်မပြတ် ဆည်းပူးလေ့လာနိုင်ရန် လွိုင်ကော်တက္ကသိုလ်ကို မဖြစ်မနေ ပြန်လည်ပြင်ဆင်ပြီး အမြန်ဆုံး ပြန်လည်ဖွင့်လှစ်သွားကြရမည်မှာ နိုင်ငံတော်၏တာဝန်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်၏ အနာဂတ်တွင် အားထားရမည့် ကျောင်းသား လူငယ်များအတွက် လွိုင်ကော်တက္ကသိုလ် ပြန်လည်ပြုပြင်ပြီး အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးကို စိတ်စေတနာအပြည့်နှင့် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် လွိုင်ကော်တက္ကသိုလ်၏ သုံးထပ် ပင်မဆောင်၊ နှစ်ထပ်ဘွဲ့နှင်းသဘင်ခန်းမ၊ နှစ်ထပ်စာသင်ဆောင်များ၊ ရေသန့်စနစ်နှင့် လျှပ်စစ်ကဏ္ဍဆိုင်ရာ ဆက်စပ်ပစ္စည်းများ၊ နှစ်ထပ် ဆရာ ဆရာမများဆောင်၊ အရာရှိ အိမ်ရာ၊ လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာများ၊ လေးခန်းတွဲ လေးထပ်၊ ရှစ်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာများ၊ ပါမောက္ခချုပ်နေအိမ်၊ ဒုတိယပါမောက္ခချုပ်နေအိမ်များ၊ နှစ်ထပ်ကျောင်းသား ကျောင်းသူဆောင်များ၊ အားကစားရုံနှင့် အားကစားခန်းမ၊ နှစ်ထပ် စာကြည့်တိုက်များ၊ နှစ်ထပ် ကျောင်းသား ကျောင်းသူနားနေဆောင်ပျက်စီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက လွိုင်ကော်တက္ကသိုလ် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အထူးကိစ္စရပ်အနေဖြင့် အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ဥပဒေနှင့်အညီ ထုတ်ယူသုံးစွဲနိုင်မည့် အခြေအနေများကိုလည်းကောင်း၊ ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးမှုကြောင့် လွိုင်ကော်တက္ကသိုလ် ပျက်စီးမှုနှင့် ပြုပြင်ဆောင်ရွက်ရမည့် အခြေအနေ၊ လက်ရှိ နယ်မြေဒေသ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ တက္ကသိုလ် ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရာတွင် ပြုပြင်ရေး လုပ်ငန်းများနှင့်အတူ စီမံအုပ်ချုပ်ရေး၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက တည်ဆောက်ရေး လုပ်ငန်းများတွင် နည်းပညာပိုင်းဆိုင်ရာ၊ အရည်အသွေး၊ စံချိန်စံညွှန်းပိုင်းဆိုင်ရာ ပြည့်မီစေရေး ပံ့ပိုးဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက လွိုင်ကော်တက္ကသိုလ် အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးစားပေး လုပ်ဆောင်ရမည့် လုပ်ငန်းများ၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ဈေးနှုန်းသက်သာစွာ ရရှိရေးနှင့် သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူးက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် အကြမ်းဖက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများကြောင့် ဘေးသင့်ခဲ့ရမှုများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ သဘာဝဘေးအန္တရာယ်ဆိုသည့် သတ်မှတ်ချက်အတွင်း အကျုံးဝင်ပါကြောင်း၊ လွိုင်ကော်တက္ကသိုလ် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်ရန် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လမ်းညွှန်မှာကြားထားပါကြောင်း၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေကို သုံးစွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အခါတွင်လည်း လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် တက္ကသိုလ်၏ လိုအပ်ချက်များ ကိုက်ညီရန်အတွက် ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ကယားပြည်နယ် အစိုးရအဖွဲ့တို့အနေဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ စနစ်တကျ အမြန်ဆုံး စတင်ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍရပ်တစ်ခုအနေဖြင့် အရေးပါသည့် လွိုင်ကော်တက္ကသိုလ် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး အလေးထား ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဥပဒေအသိပညာပေး ဟောပြောပွဲသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနတွင် တာဝန်ထမ်း ဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်း များအတွက် ဥပဒေအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်း တွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဒုတိယ ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး နေပြည်တော် ပြင်ပဌာနများမှ ဝန်ထမ်းများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက် ကြသည်။



အခမ်းအနားတွင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးက "ဥပဒေကိုမသိ၍ ပြစ်မှု ကျူးလွန်ခဲ့သည်" ဆိုသော အဖြစ် မျိုး မဖြစ်စေရေးအတွက် နိုင်ငံသားတိုင်း ဥပဒေနှင့်စပ်လျဉ်း သည့် အသိပညာဗဟုသုတရရှိစေ ရေး လိုအပ်သည်ဖြစ်ရာ အခြေခံ အားဖြင့် မိမိတို့နိုင်ငံတွင် ပြဋ္ဌာန်း ကျင့်သုံးလျက်ရှိသည့် ဥပဒေများ အနက် သိသင့်သိထိုက်သော ဥပဒေများ၏ သတ်မှတ်ပြဋ္ဌာန်း ချက်များကို မှတ်သားသိရှိနေရန် လိုအပ်ကြောင်း၊ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီး ဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရုံးအဆင့် ဆင့်၌ တာဝန်ထမ်းဆောင်လျက် ရှိသည့် အရာထမ်း၊ အမှုထမ်းများ အနေဖြင့်လည်း သက်ဆိုင်ရာ တည်ဆဲဥပဒေများ၊ ဥပဒေပြဋ္ဌာန်း ချက်များကို သိရှိလိုက်နာရန် လိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်ရေး၊ တရား ဥပဒေစိုးမိုးရေး၊ ဥပဒေအသိရှိသူ များ ပေါ်ထွန်းလာစေရေးတို့ အတွက် ယနေ့ဟောပြောပွဲမှ ရရှိ ခဲ့သည့် ဥပဒေဆိုင်ရာ အသိပညာ ဗဟုသုတများကို မိမိတို့၏ နိုင်ငံ နှင့်ဌာနအတွက် လက်တွေ့ကျကျ ကောင်းစွာ အသုံးချသွားကြရန်နှင့် "ဥပဒေဘောင်အတွင်း နေထိုင် ခြင်း၊ ဘေးကင်း ရန်ကွာ ပြည်သာယာ" ဆိုသည့် ဆောင်ပုဒ် နှင့်အညီ ကျင့်ကြံနေထိုင်သူများ ဖြစ်ကြစေလိုကြောင်း တိုက်တွန်း ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနရှိ ဥပဒေအရာထမ်းများက ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများ၊ နိုင်ငံတော် အစိုးရ လျှို့ဝှက်ချက် အက်ဥပဒေ၊ ရာဇသတ်ကြီးဥပဒေနှင့် ဆက်သွယ် ရေးဥပဒေ၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေ၊ ရွေးကောက်ပွဲ ဆိုင်ရာ အချက်အလက်များအပါ အဝင် နိုင်ငံသားတိုင်း၊ နိုင်ငံ့ ဝန်ထမ်းတိုင်း အခြေခံအားဖြင့် သိသင့်သိထိုက်သည့် ဥပဒေများ အကြောင်း ဟောပြောဆွေးနွေး ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးကြသည်။

အဆိုပါဟောပြောပွဲကို နိုင်ငံ့ ဝန်ထမ်းများ ဥပဒေဆိုင်ရာ အခြေခံ သဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည် ပြီး စည်းကမ်းရှိသော နိုင်ငံသား များဖြစ်စေရန်နှင့် သက်ဆိုင်ရာ လုပ်ငန်း နယ်ပယ်အသီးသီး၌ ပေးအပ်သည့် တာဝန်များကို ဥပဒေနှင့်အညီ စနစ်တကျ ကျေပွန်စွာထမ်းဆောင်နိုင်သော နိုင်ငံ့ဝန်ထမ်းများ ဖြစ်စေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၁**

စာရင်းအင်း အချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေး ဗဟိုကော်မတီအစည်း အဝေး(၁/၂၀၂၄-၂၀၂၅)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းအင်းအချက် အလက်မှန်ကန်ရေးနှင့် အရည် အသွေးပြည့်ဝရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက် အမှာ စကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဗဟို ကော်မတီအဖွဲ့ဝင် ပြည်ထောင်စု ဝန်ကြီးများ၊ ပြည်ထောင်စုစာရင်း စစ်ချုပ်၊ မြန်မာနိုင်ငံတော်ဗဟို ဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကဏ္ဍ အလိုက် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများ နှင့် တာဝန်ရှိသူများ တက်ရောက် ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် စီးပွားရေးရာဝန်ကြီး များ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် စာရင်းအင်းပညာဌာန ပါမောက္ခ၊ မြန်မာနိုင်ငံ စာရင်းအင်းပညာ အသင်းဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့် ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးက နိုင်ငံ၏စီးပွားရေးတွင် လယ်ယာ၊ သားငါး၊ စက်မှုစသည့် ထုတ်လုပ်မှုကဏ္ဍများ၏ စာရင်း များ တိကျမှန်ကန်မှုရှိရန် လိုအပ် ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အလိုက် စိုက်ဧက၊ ရိတ်သိမ်း ဧက၊ အထွက်နှုန်း၊ စားသုံးမှု၊ ပြည်ပ တင်ပို့မှု၊ လက်ကျန်ပမာဏစသည့် စာရင်းအင်းကိန်းဂဏန်းများသည် အမှန်တကယ် မြေပြင်အခြေအနေ နှင့် ကိုက်ညီမှုရှိရန် လိုအပ် ကြောင်း၊ ထို့အတူ ပြည်ပ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ ငွေကြေးနှင့် လူမှုရေး ဆိုင်ရာစာရင်းများအားလုံး ပြည့်စုံ မှန်ကန်မှသာ နိုင်ငံ၏ စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP)ကို မှန်ကန်စွာ တွက်ချက်နိုင်မည် ဖြစ်ပြီး နှစ်အလိုက် အမျိုးသား စီမံကိန်းများ၊ ရည်မှန်းချက်များကို ထိရောက်အောင်မြင်စွာ ရေးဆွဲ ချမှတ် အကောင်အထည်ဖော်နိုင် မည်ဖြစ်ကြောင်း။




အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (ကုန်ထုတ်လုပ်မှု) စစ်တမ်းကို နေပြည်တော်ကောင်စီ နယ်မြေ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်နှင့် ဧရာဝတီတို့တွင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ကောက်ယူခဲ့ ကြောင်း၊ နိုင်ငံ၏ MSMEs ထုတ်လုပ် မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ကို ဖန်တီးနိုင်ရေး၊ MSMEs နှင့် ပတ်သက်သည့် မူဝါဒနှင့်လုပ်ငန်း စဉ်များ ချမှတ်နိုင်ရေးအတွက် စစ်တမ်းရလဒ်များသည် မှန်ကန် ပြည့်စုံမှုရှိရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ် များတွင် လက်ရှိဖြစ်ပေါ်နေသော အခြေခံ စားသောက်ကုန်ပစ္စည်း ဈေးနှုန်းများ၊ ဈေးကွက်အတွင်း ကုန်စည်စီးဆင်းမှု၊ စိုက်ပျိုး ထုတ်လုပ်မှု၊ အထွက်နှုန်း၊ စားသုံး မှု၊ လက်ကျန်စသည့် ကိန်းဂဏန်း အချက်အလက်များ ကောက်ယူ တင်ပြရာတွင် မှန်ကန်မှုရှိရေး အလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း။

သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက် ယူရာတွင် သက်ဆိုင်ရာဌာန အလိုက် အခြေခံစာရင်းများရှိမှသာ ပျက်စီးဆုံးရှုံးမှုစာရင်းနှင့် တန်ဖိုး များကို ပြုစုတွက်ချက်နိုင်မည်ဖြစ် ၍ ဌာန၊ အဖွဲ့အစည်းအားလုံးက အခြေခံစာရင်းများကို ပြည့်စုံ မှန်ကန်စွာ ပြုစုထားရန်နှင့် ပုံမှန် Update ပြုလုပ်ရန် လိုအပ် ကြောင်း၊ ကောက်ယူရာတွင်လည်း တူညီသည့် Format နှင့် စာရင်းများ ကောက်ယူပြီး One Mechanism, One Data, One Source ဖြစ်စေ ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ ပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ချက်ချင်း၊ ကာလတို၊ ကာလလတ်နှင့် ကာလ ရှည်အစီအမံများ ရေးဆွဲအကောင် အထည်ဖော်နိုင်ရန် အတွက် ပျက်စီးဆုံးရှုံးမှု **စာရင်းအင်း အချက်အလက်များ ပြည့်စုံ မှန်ကန်ရေးသည် အရေးကြီး ကြောင်း** ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဗဟိုစာရင်းအင်း အဖွဲ့ ညွှန်ကြားရေးမှူးချုပ်က စာရင်းအင်း အချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးဗဟိုကော်မတီ အစည်း အဝေး(၁/၂၀၂၃)ဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှု၊ စာရင်းအင်းကဏ္ဍအလိုက် ဆောင် ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများနှင့် တက်ရောက် လာသူများက စာရင်းအင်း အချက်အလက် မှန်ကန်ရေး၊ အရည်အသွေး ပြည့်ဝရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ဗဟို ကော်မတီဥက္ကဋ္ဌက လိုအပ်သည် များကို ညှိနှိုင်းပေါင်းစပ်ဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သတင်းမီဒီယာများတွင် အကြမ်းဖက်အဖွဲ့အစည်းများကို အားပေးအားမြှောက်ပြုသည့် သတင်းများ၊ ပြည်သူများ အထိတ်တလန့်ဖြစ်စေသည့် သတင်းများ၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေမည့် သတင်းများကို ရေးသားဖော်ပြခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့် အရေးယူဆောင်ရွက်မည်ဟု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြောကြား

**ရန်ကုန် ဇန်နဝါရီ ၂၁**

သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌများ၊ တွဲဖက်အတွင်းရေးမှူးများ၊ ကောင်စီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့အစည်းအဝေးသည် စတုတ္ထအကြိမ် ရွေးချယ်ခံရသည့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ပထမဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို အားပြည့်အင်ပြည့်ဖြင့် ထမ်းဆောင်နိုင်ပါစေဟု ဆုတောင်းပါကြောင်း၊ ကောင်စီဝင်များသည် အသက်အရွယ်နှင့် အတွေ့အကြုံအရ ရင့်ကျက်ပြီးသူများဖြစ်သဖြင့် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ယနေ့ဖြစ်ပေါ်နေသည့် ပကတိ အခြေအနေမှန်များ၊ ပြည်တွင်း/ပြည်ပ နိုင်ငံရေးအခြေအနေများကို စဉ်းစားချင့်ချိန်ဆောင်ရွက်မှသာ အကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် သတင်းမီဒီယာသည် လွန်စွာအရေးကြီးသည်ကို တက်ရောက်လာကြသူများက ပိုမိုနားလည် တတ်ကျွမ်းသူများ ဖြစ်သဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားရန် မလိုအပ်ဟု ယူဆမိပါကြောင်းနှင့် သတင်းမီဒီယာများ၏ လွှမ်းမိုးမှုသည် မိမိတို့၏နေ့စဉ်ဘဝများကို လွန်စွာအကျိုးသက်ရောက်မှုရှိပါကြောင်း။

ယခုအခါ စာပေထုတ်ဝေမှု လုပ်ငန်းများတွင် ညစ်ညမ်းစာပေများကို ထုတ်ဝေဖြန့်ချိမှုများ တွေ့ရှိနေရသည့်အတွက် သက်ဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေရပါကြောင်း၊ ယင်းစာအုပ်များသည် လူငယ်များ၏ စဉ်းစားတွေးခေါ်မှုနှင့် ခံစားနားလည်မှုများကို လွဲမှားစေနိုင်သည့် ဟီရိဩတ္တပ္ပမရှိသော စာအုပ်စာစောင်များဖြစ်သဖြင့် ထိုကဲ့သို့ အရေးယူဆောင်ရွက်ခြင်းသည် နိုင်ငံနှင့် လူမျိုးအတွက် စာပေအဆိပ်သင့်မှုကို ကာကွယ်တားဆီးခြင်းဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ အလားတူ တေးသီချင်းဗီဒီယိုထုတ်လွှင့်မှုများတွင် လည်း ညစ်ညမ်းမှုများ ပါဝင်နေသဖြင့် လိုအပ်သလိုအရေးယူထိန်းကျောင်း ဆောင်ရွက်နေပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာဆိုဗိမာန်အဆောက်အအုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် မိမိ၏လုပ်ငန်းတာဝန်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာ လုပ်ဆောင်နိုင်ကြပါကြောင်း၊ အထူးသဖြင့် ယနေ့ ဖြစ်ပေါ်နေသော အကြမ်းဖက်သမားများ၏ လုပ်ဆောင်မှုများအပေါ် ဝိုင်းဝန်းဆန့်ကျင်ပေးရန်နှင့် ပြည်သူများ မှန်ကန်စွာ ရပ်တည်ဆောင်ရွက်နိုင်ရေး မီဒီယာနည်းလမ်းများဖြင့် ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ မဟုတ်မမှန်သတင်းများအပေါ်အခြေခံ၍ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အပေါ် ထိခိုက်စေနိုင်သည့်ရေးသား ဖော်ပြမှုများကို ရှောင်ကြဉ်ကာ ဆင်ခြင်တုံတရားဖြင့် အပြုသဘော ရေးသား ဖော်ပြပေးကြရန် တိုက်တွန်းလိုပါကြောင်း။

သတင်းမီဒီယာများ အနေဖြင့် အကြမ်းဖက်သမားများကိုအားပေး အားမြှောက်ဆန်သည့် သတင်းများ၊ ပြည်သူများ အထိတ်တလန့် ဖြစ်စေသည့် သတင်းများ၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် သတင်းများကို ရေးသားဖော်ပြခြင်း မပြုရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ကို ကျယ်ပြန့်စွာ အသိပေးထားရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ ရေးသားဖော်ပြခြင်းမပြုရန်လည်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် ဝိုင်းဝန်းကြပ်မတ် ပူးပေါင်းဆောင်ရွက်ပေးပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ထားသည့် စည်းကမ်းမလိုက်နာဘဲ ပုံနှိပ်ထုတ်ဝေနေသည့် ပုံနှိပ်သူ/ထုတ်ဝေသူများအား ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက သတင်းမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများက အသီးသီးဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ အမှတ်(၁၈-A)၌ စာဆိုဗိမာန် အဆောက်အအုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်ခန်းမ၌ Myanmar Land & Development Ltd; Project Driector ဒေါ်ယုယုနိုင်က စာဆိုဗိမာန်အဆောက်အအုံ ရာခိုင်နှုန်းအလိုက် တည်ဆောက်ပြီးစီးနေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်ကို ခံ့ညားထည်ဝါပြီး ခေတ်မီ အဆောက်အအုံဖြစ်ရန် လိုအပ်ကြောင်းနှင့် ဆောက်လုပ်ပြီးစီးပါက အဆောက်အအုံအတွင်း ပြသမည့်ပစ္စည်းများ စနစ်တကျရှိစေရေးတို့ကို မှာကြားကာ စာဆိုဗိမာန် အဆောက်အအုံ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

# ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာဘက်နှင့် CITIC ဘက်မှ နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့်အချက်များနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၁

ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာဘက်နှင့် CITIC ဘက်မှ နှစ်ဖက် ကြိုတင်ဖြည့်ဆည်းရမည့်အချက်များ (Conditions Precedent)နှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် တရုတ်နိုင်ငံ CITIC Group ဖြစ်သည့် ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းကုမ္ပဏီလီမိတက်တို့အကြား လုပ်ငန်းလုပ်ကိုင်ခွင့် သဘောတူစာချုပ် (Concession Agreement) ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၅ ရက်တွင် ချုပ်ဆိုခဲ့ကြောင်း၊ အဆိုပါ Concession Agreement ၏ နောက်ဆက်တွဲ စာချုပ် (Addendum) ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး Long Stop Date ကို ၁၈ လကာလ သက်တမ်းတိုးပေးခဲ့ကြောင်း။

Long Stop Date သက်တမ်းတိုးမြှင့်ထားသည့်ကာလမှာ ၂၀၂၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ပြည့်မြောက်မည်ဖြစ်ပြီး အဆိုပါသက်တမ်း မပြည့်မြောက်မီ နှစ်လအလိုဖြစ်သည့် ၂၀၂၅ ခုနှစ် ဧပြီ ၂၆ ရက် မတိုင်မီ လုပ်ငန်းများ ပြီးပြတ်အောင်ဆောင်ရွက်နိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည့်အတွက် သတ်မှတ်ရက်မရောက်မီ လုပ်ငန်းများ ပြီးစီးအောင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ယနေ့ အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူမြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးထွန်းအုံက ကျောက်ဖြူ အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် အစုရှယ်ယာရှင်များနှင့် သက်ဆိုင်သော သဘောတူစာချုပ် (Shareholders’ Agreement) တွင် ဖော်ပြထားသည့်အတိုင်း မြန်မာ-တရုတ်နှစ်ဖက်အနေဖြင့် စီမံကိန်းမစတင်မီ ကြိုတင်ဖြည့်ဆည်းဆောင်ရွက်ရမည့် စာချုပ်ပါအချက် ၁၆ ချက်အနက် မြန်မာဘက်က ဆောင်ရွက်ရမည့်အချက် ၁၀ ချက်၊ မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်ရမည့်အချက်လေးချက်စသည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ကာလ အတိုင်း ပြီးမြောက်အောင် ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သက်တမ်းတိုးမြှင့်ထားသည့် ကာလသည် ၂၀၂၅ ခုနှစ် ဇွန် ၂၅ ရက် မတိုင်မီ သက်ဆိုင်ရဌာနများမှ ဆောင်ရွက်ရမည့်လုပ်ငန်းများကို Timeline ချမှတ်၍ ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက နှစ်ဖက်ကြိုတင်ဖြည့်ဆည်းရမည့် အချက်များ (Conditions Precedent) နှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အသေးစိတ်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တပ်ကုန်းမြို့နယ်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ဥယျာဉ်ကျေးရွာ ယာယီရှင်းလင်းဆောင်၌ ဥယျာဉ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းသားများ၊ ဆီထွက်သီးနှံနေကြာစိုက်တောင်သူများနှင့်တွေ့ဆုံ၍ ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ချရန် ဆီထွက်သီးနှံမြေပဲနှင့် နေကြာတိုးချဲ့စိုက်ပျိုးရေး၊ နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေမှ မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ပေးအပ်လျက်ရှိပြီး ထွက်ရှိလာသောသီးနှံများ ဈေးကွက်ရရှိရေး၊ နွေစပါးအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားပြီး ဆောင်းနေကြာစိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှားတောကျေးရွာသို့ သွားရောက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်ထားသော ဆင်သေချောင်း ယာယီရေထိန်းတာ တည်ဆောက်၍ ဆိုလာဓာတ်အားပေးစနစ်ဖြင့် စိုက်ပျိုးရေပေးဝေနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေအချိန်မီရရှိရေးနှင့် ရာသီအလိုက်သီးနှံများ သီးထပ်သုံးသီးစိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ်ချောင်းကမ်းကြီးကျေးရွာရှိ ချောင်းကမ်းကြီးစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းပိုင် စိုက်ပျိုးမြေ ၇၉ ဧကကျော်အနက် ၂၂ ဧကတွင် ဆီးထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး အသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရန်ကျန်ရှိသည့် ဧကများတွင် နွေစပါးစိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးရေအချိန်မီရရှိရေး၊ မျိုးနှင့် သွင်းအားစုများ တောင်သူများလက်ဝယ် အချိန်မီရောက်ရှိရေးနှင့် ပန်တိုင်အထွက်နှုန်းပြည့်မီရေး၊ သီးနှံများဈေးကွက်ရရှိရေး ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ (၃၈) ကြိမ်မြောက် အစည်းအဝေး ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၂၁

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ (၃၈) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အာမခံကုမ္ပဏီများအနေဖြင့် အာမခံအမျိုးအစားများကို ဝင်ငွေနည်းပြည်သူများ အာမခံဝန်ဆောင်ပေးနိုင်ရေး ဆောင်ရွက်ရန်နှင့် အာမခံဝန်ဆောင်မှုပေးရာတွင် သတ်မှတ်ထားသည့် ဥပဒေစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် မြန်မာနိုင်ငံအာမခံဈေးကွက်အတွင်းရှိ အာမခံလုပ်ငန်းလုပ်ကိုင်သူများ၏ ဘဏ္ဍာရေးခိုင်မာမှုရှိစေရန် လိုက်နာရမည့်ညွှန်ကြားချက်သုံးခုကို ထုတ်ပြန်ခဲ့ကြောင်း၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် အများပြည်သူကျန်းမာရေးစောင့်ရှောက်မှု အကာအကွယ်ပေးနိုင်ရန်အတွက် ကျန်းမာရေးအာမခံ၊ ပြင်းထန်သောရောဂါကုသမှုအာမခံနှင့် လူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုအာမခံများ ရောင်းချခွင့်ပြုခဲ့ကြောင်းနှင့်ယနေ့အစည်းအဝေးတွင် တင်ပြသည့်အမှာစာများအပေါ် အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းအကြံပြုဆွေးနွေးရန် ပြောကြားသည်။

ထို့နောက် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးက (၃၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ယခုအစည်းအဝေးတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က ဆွေးနွေးဆုံးဖြတ်ရမည့် အာမခံအမျိုးအစားသစ်များဖြစ်သည့် ပြည်ပပါဆယ် အာမခံအမျိုးအစားသစ်၊ ဖုန်းမျက်နှာပြင် အာမခံ အမျိုးအစားသစ်၊ အသေးစား ကျန်းမာရေးအာမခံနှင့် အသက်အာမခံအမျိုးအစားများဖြစ်သော တမူထူးခြားသည့် ထပ်ပေါင်းစုဆောင်း အသက်အာမခံ ၅/၃ အာမခံအမျိုးအစားသစ်၊ ပြင်းထန်ရောဂါထပ်တိုး အစီအစဉ်သစ်နှင့် လုံခြုံချေးငွေ အသက်အာမခံ အမျိုးအစားသစ် စုစုပေါင်း အာမခံအမျိုးအစားသစ် ခြောက်မျိုးတို့ကို ရှင်းလင်းတင်ပြရာ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဝင်များက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး အကြံပြုတင်ပြကြပြီး ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ အနေဖြင့် မြန်မာနိုင်ငံ၏ အာမခံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာမခံအမျိုးအစား ၆၀ ကိုလည်း ခွင့်ပြုထားပြီး နိုင်ငံခြားအာမခံကိုယ်စားလှယ်ရုံး ၂၉ ခု၊ အာမခံလျော်ကြေးတွက်ချက်သည့် Adjuster & Surveyors ကုမ္ပဏီ ငါးခု၊ ကော်ပိုရိတ်အာမခံကိုယ်စားလှယ် ၅၈ ခု၊ တစ်ဦးချင်းအာမခံကိုယ်စားလှယ် စုစုပေါင်း ၁၉၂၃၄ ဦး၊ အာမခံကိုယ်စားလှယ် အရည်အချင်းစစ်စင်တာ တစ်ခုနှင့် ဌာနတွင်းအာမခံကိုယ်စားလှယ် သင်တန်းကျောင်း ၂၅ ခုတို့ကို ခွင့်ပြုထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ တရုတ်နိုင်ငံသို့တင်ပို့ရာတွင် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး ပို့ကုန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် လိုက်နာရမည့်အချက်များအား အသိပညာမျှဝေ

**နေပြည်တော် ဇန်နဝါရီ ၂၁**

မြန်မာ့စိုက်ပျိုးရေး ထွက်ကုန်များ တရုတ်နိုင်ငံသို့ တင်ပို့ရာတွင် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ပို့ကုန်ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့် လိုက်နာရမည့် အချက်များအား အသိပညာမျှဝေခြင်း ဆွေးနွေးပွဲ အစီအစဉ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။

**အွန်လိုင်းစနစ်ဖြင့် တက်ရောက်**

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးတို့မှ တာဝန်ရှိသူများ၊ တရုတ်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ၊ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး တရုတ်နိုင်ငံ GACC မှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ ပိုမိုထုတ်လုပ်လာသည်နှင့် အမျှ ပြည်တွင်းစားသုံးမှုပိုလျှံသည်များကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချရကြောင်း၊ ယခုအသိပညာမျှဝေခြင်းအစီအစဉ်၌ မြန်မာ့လယ်ယာထွက်ကုန်များ တရုတ်နိုင်ငံသို့တင်ပို့သည့် လုပ်ငန်းစဉ်များ၊ လိုအပ်သော စာရွက်စာတမ်းများ၊ စံနှုန်းလိုက်နာမှုအပါအဝင် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား ဈေးကွက်ထိုးဖောက်မှု မဟာဗျူဟာများကို သိရှိနားလည်စေမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား စီးပွားရေးကဏ္ဍအတွက် အတားအဆီးများနှင့် အခက်အခဲများ လျော့နည်းလာစေရန် တင်ပို့မှုဆိုင်ရာ လမ်းညွှန်ချက်များကို ရှင်းလင်းဆွေးနွေးနိုင်ကြမည်ဖြစ်ကြောင်း၊ အလားတူ ကုန်သွယ်မှုလုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်စေပြီး မြန်မာနှင့် တရုတ်ကုန်သည်များအကြား အသိပညာနှင့် အတားအဆီးနည်းသော ကုန်သွယ်မှုအလေ့အကျင့်များကို မျှဝေခြင်းဖြင့် ဆက်ဆံရေး ပိုမိုခိုင်မာလာစေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံး၏ နေပြည်တော်ရုံးခွဲ ကိုယ်စားလှယ်က အမှာစကား ပြောကြားပြီး စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်လျက်ရှိသည့် အဓိက လုပ်ငန်းများ၊ ဖြစ်ပေါ်တိုးတက်မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## အင်းစိန်မြို့နယ် စာရေးဆရာအသင်း သက်ကြီးပူဇော်ပွဲ၊ စာပေဟောပြောပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားများ ပြုလုပ်



**ရန်ကုန် ဇန်နဝါရီ ၂၁**

အင်းစိန်မြို့နယ် စာရေးဆရာအသင်းက ကြီးမှူးပြုလုပ်သည့် သက်ကြီးစာပေ ပညာရှင်များ ပူဇော်ပွဲ၊ စာပေဟောပြောပွဲနှင့် ဂုဏ်ပြုပွဲ အခမ်းအနားများကို ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီမှ ၁၁ နာရီခွဲအထိ အင်းစိန်မြို့နယ် ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် အသက် ၇၀ နှင့်အထက် သက်ကြီးကန်တော့ခံ စာပေပညာရှင် ၁၆ ဦးအား ကန်တော့ခံပစ္စည်းနှင့် ကန်တော့ငွေများ ပေးအပ်ပူဇော်ကန်တော့ကြပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာရေးအတွက် လူငယ်လူရွယ်များ၏ အခန်းကဏ္ဍ၊ စာရေးဆရာချစ်ညွန့်ကျော်က သုတ၊ ရသစာပေများ ဖတ်ရှုလေ့လာရေးတို့နှင့် စပ်လျဉ်း၍ စာပေရေးရာများကို ဟောပြောကြသည်။

ထို့နောက် အင်းစိန်မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ တော်မြင့်(ငှက်ဖျား)နှင့် အတွင်းရေးမှူး ရန်မိုးအောင်(အင်းစိန်)တို့က ကန်တော့ပွဲကျင်းပရခြင်း ရည်ရွယ်ချက်၊ အလှူရှင် ကိုဝေဖြိုးက လှူဒါန်းရခြင်းရည်ရွယ်ချက်နှင့် သက်ကြီးကန်တော့ခံ စာရေးဆရာကြီး ဥဂ္ဂါညိုက ဆုံးမဩဝါဒစကားများ ပြောကြားကြသည်။

**တက်ရောက်ကြသူများ**

အဆိုပါ အခမ်းအနားတွင် အင်းစိန်မြို့နယ် စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး စာပေဗိမာန်စာမူဆုများရှင် စာရေးဆရာမ တက္ကသိုလ်မြမဥ္ဇူက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ခဲ့ကြောင်းနှင့် အခမ်းအနားအပြီးတွင် တက်ရောက်ကြသူများအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၈ ဖွဲ့ရှိပြီး လျှောက်ထားသည့်အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၅ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၅ ပါတီအနက် ဦးဇော်မင်းဦး ခေါင်းဆောင်သည့် ကယားပြည်နယ်ပြည်သူ့ပါတီ (KySPP) က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်သည်။ ယင်းပါတီကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ရန်ကင်း ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပညာရေးဒီဂရီကောလိပ်၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မြတ်ပညာခန်းမ၌ ကျင်းပသည်။



ဦးစွာ ဆရာအတတ်သင်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးဖြူဇင်က ကျောင်းသား ကျောင်းသူများ အနေဖြင့် ပြိုင်ပွဲများကို အားထုတ်ကြိုးစားယှဉ်ပြိုင်ကြစေရန်၊ ပြိုင်ပွဲပြုလုပ်ရခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ အနိုင်အရှုံးသည် အဓိကမဟုတ်ယှဉ်ပြိုင်ခြင်းသည်သာ အဓိကဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားကို ဖိတ်ကြားထားသော ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကင်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ် ဆရာကြီးနှင့် ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခများ၊ လက်ထောက် ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဝန်ထမ်း ပင်စင်စားများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရန်အတွက် စားအုန်းဆီများ ရောင်းချပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး စားအုန်းဆီ အိမ်တိုင်ရာရောက် ဖြန့်ဖြူးရေးကော်မတီသည် ဆီစားသုံးသူပြည်သူများ အဆင်ပြေစွာ ဝယ်ယူစားသုံးနိုင်ရန် စားအုန်းဆီများကို အိမ်တိုင်ရာရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထို့အပြင် နိုင်ငံ့ဝန်ထမ်းများ၊ စက်မှုဇုန်များမှ ဝန်ထမ်းများ၊ လုပ်သားများနှင့် ဘုန်းကြီးကျောင်းများကိုလည်း အဆင်ပြေစွာ ဝယ်ယူစားသုံးနိုင်ရန် ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးဘဏ်ခွဲကိုးခု၌ ပင်စင်ထုတ်ယူလျက်ရှိသော နိုင်ငံ့ဝန်ထမ်းပင်စင်စားများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရန်အတွက် စားအုန်းဆီရောင်းချပေးလျက်ရှိပြီး ဇန်နဝါရီ ၂၄ ရက်အထိ လေးရက်တိုင်တိုင် ရောင်းချပေးသွားမည်ဖြစ်ကာ တစ်ဦးလျှင် သုံးပိဿာအထိ ဝယ်ယူနိုင်ကြောင်း သိရသည်။

ဇော်မင်းလတ်(MNA)



# အမျိုးသားကင်ဆာရောဂါကုသရေးဌာန၌ ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်များ စတင်အသုံးပြုခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ တည်ဆောက်လျက်ရှိသည့် အမျိုးသားကင်ဆာရောဂါကုသရေးဌာနတွင် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါကုသစက်များ (Linear Accelerators-LA) စတင်အသုံးပြုခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အငြိမ်းစား ကျန်းမာရေးဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ အငြိမ်းစားဆေးပညာရှင်ကြီးများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စက်ခန်း(၁)ဖြစ်သည့် Radixact စက်ခန်း၊ စက်ခန်း(၂)ဖြစ်သည့် Halcyon စက်ခန်း၊ CT Simulator စက်ခန်း၊ စက်ခန်း(၃)ဖြစ်သည့် Vital Beam စက်များ၏ စက်ခန်းများရှေ့၌ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး၊ တာဝန်ရှိသူများက



စက်လည်ပတ်ပုံနှင့် အသုံးပြုပုံကိုရှင်းလင်းပြသသည်။

Radixact စက်အမျိုးအစားသည် ဦးနှောက်နှင့် ကျောရိုးကင်ဆာများ၊ ကလေးကင်ဆာရောဂါများ၊ အရွယ်အစားကြီးမားသည့် ကင်ဆာများကို ကုသချိန် မြန်ဆန်စွာဖြင့် ကုသနိုင်ခြင်း၊ Halcyon စက်အမျိုးအစားသည် ကင်ဆာအမျိုးအစားမျိုးစုံကို ကုသချိန် မြန်ဆန်စွာဖြင့်လူနာများစွာကိုကုသနိုင်ခြင်း၊ Vital Beam စက်သည် ရောင်ခြည် စွမ်းအားမျိုးစုံ၊ ပြင်းအားမျိုးစုံ ပါဝင်သောကြောင့် လိုအပ်သလိုပြောင်းလဲ အသုံးပြုနိုင်ပြီး အရေပြားကင်ဆာအပါအဝင် ကင်ဆာမျိုးစုံကို ကုသနိုင်မည်ဖြစ်သည်။ ထို့နောက် တက်ရောက်လာကြသူများက စက်ခန်းများနှင့် အထောက်အကူပြုစက်တို့ကို လှည့်လည်ကြည့်ရှုကြပြီး လူနာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ အမျိုးသားကင်ဆာရောဂါကုသရေးဌာန ငါးထပ်ဆောင် အစည်းအဝေးခန်းမ၌ အခမ်းအနားဒုတိယပိုင်းကိုကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ခေတ်ကမ္ဘာမှာ မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုများလာပြီး ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်း ပိုမိုများပြားလာပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပံ့ပိုးဦးဆောင်မှုနှင့်အတူ ကင်ဆာရောဂါလူနာများအတွက် အရည်အသွေးမြင့်သောကုသမှုများကို ပြည်တွင်း၌ပင် တိုးမြင့်ရရှိနိုင်စေရေးကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊တိုးတက်များပြားလာသည့်ကင်ဆာရောဂါကုသရေးလုပ်ငန်းများအတွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး ရေတို ရေရှည် စီမံကိန်းများချမှတ်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကင်ဆာရောဂါ ကုသဌာနများ ရာနှုန်းပြည့်လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် မန္တလေးပြည်သူ့ဆေးရုံကြီး၊ ၂၀၂၄ ခုနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့၌ LA စက်အသစ် တစ်လုံးစီတို့ကို တိုးချဲ့တပ်ဆင် အသုံးပြုနိုင်ခဲ့ပါကြောင်း။

ပြည်သူ့ဆေးရုံများသာမက ပုဂ္ဂလိကဆေးရုံငါးရုံတွင် ဓာတ်ရောင်ခြည်ဖြင့် ကင်ဆာရောဂါ ကုသမှုလုပ်ငန်းများကိုခွင့်ပြုထားပြီး အဆိုပါဆေးရုံများတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့မှ ရွေးချယ်ပေးသော ဓာတ်ရောင်ခြည်ဖြင့် ကုသမှုခံယူရမည့်လူနာများအား အခမဲ့ ဓာတ်ရောင်ခြည်ကုသမှုများ အားဖြည့်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ကင်ဆာရောဂါဆိုင်ရာ အထူးကုဆရာဝန်များ၊ ဆေးဘက်ကျွမ်းကျင် ဝန်ထမ်းများကိုလည်း စနစ်တကျ မွေးထုတ်သင်ကြားလျက်ရှိပါကြောင်း၊ ကင်ဆာရောဂါကုသရေးနှင့် သုတေသနပြုရေးအတွက်ရည်ရွယ်၍ အမျိုးသားကင်ဆာရောဂါကုသရေးဌာနကို စနစ်တကျ စီမံကိန်းချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယနေ့မှစတင်၍ LA စက် သုံးလုံး စတင်အသုံးပြုနိုင်ပြီဖြစ်ပြီး ကျန်းမာရေးဝန်ထမ်းများကလည်း နေ့ဆိုင်းညဆိုင်းဖြင့် အားသွန်ခွန်စိုက်ကုသပေးမှုကြောင့် တစ်ရက်လျှင် စုစုပေါင်းလူနာ ၂၀၀ မှ ၄၀၀ အထိ တိုးမြှင့်ကုသပေးနိုင်မည်ဖြစ်ပါကြောင်း။

လူနာများစိတ်အေးချမ်းသာစွာ ကုသမှုခံယူနိုင်ရေးအတွက် သွားလာရေးနှင့် စားသောက်ရေး အဆင်ပြေအောင် စီစဉ်ပေးထားပြီး ကျန်းမာရေးဝန်ထမ်းများအတွက်လည်း ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးထားပါကြောင်း၊ ခေတ်မီဓာတ်ရောင်ခြည်ကုသစက်များ ရောက်ရှိချိန်မှစ၍ တပ်ဆင်အသုံးပြုနိုင်သည်အထိ ကူညီဆောင်ရွက်ပေးခဲ့သူအားလုံးကို အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံတော်၏ များပြားသော ရင်းနှီးစိုက်ထုတ်မှုဖြင့် ဝယ်ယူထားသောစက်များ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ခြင်းဖြင့် ကင်ဆာရောဂါဝေဒနာရှင်များအား ရေရှည်ကုသမှုပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ ကုသမှုပေးရာတွင် ကိုယ်ချင်းစာတရား၊ အကြင်နာတရားထားရှိကာ ယဉ်ကျေးချိုသာစွာ ပြောဆိုဆက်ဆံကြရန်၊ အမျိုးသားကင်ဆာရောဂါကုသရေးဌာန အမြန်တည်ဆောက်ပြီးစီးကာ ပိုမိုတိုးတက်၍ ပြည်သူလူထုအားကိုးရသည့် ဌာနကြီးဖြစ်လာစေရန်အတွက် တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး/ကုသရေး) က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆောက်လုပ်ပြီးစီးသည့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အမျိုးသား ကင်ဆာရောဂါကုသရေးဌာနကို နိုင်ငံတော်၏ခွင့်ပြုရန်ပုံငွေဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ဆေးရုံ ငါးထပ်လူနာဆောင်အား ငွေကျပ် ၉ ဒသမ ၂ ဘီလီယံ၊ ဆေးရုံ စက်ခန်းများနှင့် ဆက်စပ်လုပ်ငန်းများအတွက် ၁၆ ဒသမ ၉ ဘီလီယံ၊ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ခြင်းအတွက် ၄ ဒသမ ၉ ဘီလီယံ၊ ဆေးရုံသုံး ရေဒီယိုသတ္တိကြွစွန့်ပစ်ပစ္စည်း ထိန်းသိမ်းရေး ကွန်ကရစ်သိုလှောင်ကန်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများအတွက် ၁ ဒသမ ၄ ဘီလီယံ စုစုပေါင်း ငွေကျပ် ၃၂ ဘီလီယံကျော်ဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ်အတွင်း ရှစ်ထပ်လူနာဆောင် ပြီးစီးအောင် ဆောက်လုပ်နိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၁)မှ တာဝန်ယူဆောက်လုပ်ပေးလျက်ရှိသည်။

ယနေ့ဖွင့်လှစ်သည့် ကင်ဆာရောဂါကုသစက် သုံးလုံး၏တန်ဖိုးမှာ ငွေကျပ် ၃၂ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိပြီး အဆိုပါစက်များနှင့်အတူ တွဲဖက်အသုံးပြုရသည့် ဓာတ်ရောင်ခြည်ဖြင့် ကုသမှုအထောက်အကူပြုစက် (CT Simulator) တစ်လုံး၏ တန်ဖိုးမှာ ငွေကျပ် ၂ ဒသမ ၅၅ ဘီလီယံ တန်ဖိုးရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရေကြည်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**ရေကြည် ဇန်နဝါရီ ၂၁**

ဧရာဝတီ တိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများ ပင်စင်ခံစားခွင့် လာရောက်ထုတ်ယူရာတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၇ နာရီက မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၌ အခမဲ့ စမ်းသပ်စစ်ဆေးပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးအေးလင်း ဦးဆောင်၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား နှလုံး၊ သွေးတိုး၊ ဆီးချို၊ သွေးချို၊ ပန်းနာရင်ကျပ်စသည့် အခြေခံကျန်းမာရေးရောဂါဆိုင်ရာများကို စစ်ဆေးပေးပြီး ဆေးကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည်များကို စစ်ဆေး၍ ကျန်းမာရေးအသိပညာပေးခြင်းကို ဆောင်ရွက်သည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို လစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ဒေးဒရဲမြို့နယ် သမဝါယမအသင်းစုလီမိတက် ဆီထွက်သီးနှံ ဆောင်းနေကြာများ စိုက်ပျိုးထားရှိ

**ဒေးဒရဲ ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်း စားသုံးဆီဖူလုံစေရေးနှင့် ဒေသခံတောင်သူများ စပါးအပြင် ဆီထွက်သီးနှံစိုက်ပျိုးခြင်းဖြင့် မိသားစု အပိုဝင်ငွေရရှိစေရေး မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ စံပြစိုက်ခင်းငါးဧကတွင် ဆောင်းနေကြာ ရေဆင်းစပ်မျိုး (၁)များ စိုက်ပျိုးထားရှိသည်။

ဒေးဒရဲမြို့နယ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်လျက်ရှိပြီး ဒေသခံတောင်သူများ လူမှုစီးပွားဖွံ့ဖြိုးစေရေး နွေစပါးဧက ၇၆၇၈၀၊



ဆောင်းနေကြာ ဧက ၃၂၀၊ ပိုက်ဆံလျှော်မျိုးစေ့ထုတ်စိုက်ခင်း ဧက ၂၀၀၀ ကျော်နှင့် အခြားသီးနှံများ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး သွင်းအားစုများ၊ မျိုးကောင်းမျိုးသန့်များနှင့် နည်းပညာလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ကျန်းမာရေးဝန်ကြီးဌာန

(၅၃)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်မှ ၂၄ ရက်

ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်) အမှတ်(၅)၊ ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

# (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၁**

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၃)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၅) ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ဆက်လက်ကျင်းပရာ သုတေသနစာတမ်းရှင်များက သုတေသနစာတမ်းစုစုပေါင်း ၂၉ စောင်ကို ဖတ်ကြားတင်ပြကြသည်။

နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အတိုင်ပင်ခံဆရာဝန်ကြီး၊ အထူးကုဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များ၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင် ၁၀၀၀)မှ အတိုင်ပင်ခံဆရာဝန်ကြီး၊ နေပြည်တော် အမှတ်(၂)တပ်မတော်ဆေးရုံကြီးမှ သမားတော်၊ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးမှ အတိုင်ပင်ခံဆရာဝန်ကြီး၊ ရန်ကုန်သူနာပြုသင်တန်းကျောင်းနည်းပြ၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် သုတေသနမှူးများ၊ တပ်မတော်ဆေးတက္ကသိုလ်မှ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ကျန်းမာရေးမှူးများ၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)မှ လက်ထောက်ကထိကများက သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုကြသည်။

မွန်းလွဲပိုင်းတွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(သူနာပြု)၊ ဆေးဝါးတက္ကသိုလ်(ရန်ကုန်) ဒုတိယပါမောက္ခချုပ်၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် သုတေသနအရာရှိများ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(ပုသိမ်မြို့)မှ ကျောင်းအုပ်ကြီး၊ ထားဝယ်ပြည်သူ့ဆေးရုံကြီးမှ သူနာပြုဆရာမကြီး၊ ခုတင်(၅၀၀) အထူးကုဆေးရုံကြီး(ရန်ကုန်)မှ သူနာပြုဆရာမကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး သူနာပြုနှီးနွှယ်ကွင်းဆင်းလေ့ကျင့်သင်တန်းကျောင်း တွဲဖက်တာဝန်နှင့် တာဝန်ခံသူနာပြုဆရာမကြီးတို့က သုတေသနစာတမ်းများကို ဖတ်ကြားတင်သွင်းကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၊ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၂၁**

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ အခြေပြု၍ ကျွန်းစုမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူ ၈၀၇ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

**စီစဉ်ဆောင်ရွက်ပေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၂၂၇ ဦး၊ ခွဲစိတ်ရောဂါ ၆၂ ဦး၊ သားဖွား/မီးယပ်ရောဂါ ၆၇ ဦး၊ ကလေးရောဂါ ၁၀၅ ဦး၊ အရိုးရောဂါ ၇၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၁ ဦး၊ မျက်စိရောဂါ ၁၅၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ရှစ်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၂ ဦး၊ ခတ်မှန်ရိုက်လူနာ ၁၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၄၁ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၇၀ တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သည့် လူနာလေးဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးကုသမှုခံယူနေသည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

ထို့နောက် တိုင်းမှူးက ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၈ ရက်က တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ပေါ်တွင်မွေးဖွားခဲ့သော မောင်ညီလွင်ပိုင်အား ဆေးဝါးနှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ မျက်စိခွဲစိတ်ကုသမှုခံယူပြီးသည့် လူနာများအား မျက်မှန်များတပ်ဆင်ပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည် –

"ကျွန်မတို့ ဝန်ထမ်းလောကပဲဖြစ်ဖြစ်၊ အရပ်သားတွေပဲ ဖြစ်ဖြစ်၊ ဒေသခံတွေပဲဖြစ်ဖြစ် တစ်ခါတစ်ရံမှာ ကိုယ်ဖြစ်နေတဲ့ ရောဂါကို ဘာရောဂါမှန်းလည်း မသိဘူး။ ကိုယ်ဖြစ်နေတဲ့ရောဂါကိုသိပြန်တော့လည်း ကုသရမယ့် အခက်အခဲတွေ၊ ကျန်းမာရေး၊ သွားလာရေး၊ ငွေရေးကြေးရေး အခက်အခဲတွေ ရှိပါတယ်။ အခုလို သံလွင်သင်္ဘောကြီး လာရောက်ပြီး ဆေးကုသပေးမယ် လို့သိရတဲ့အချိန်မှာ ကျွန်မတို့ဘက်က ဝမ်းသာပီတိလည်း ဖြစ်ရပါတယ်။ ကျွန်မတို့ဆီကို အခုလို သံလွင် သင်္ဘောကြီးနဲ့ လှိုင်းဒဏ်၊ လေဒဏ်၊ မိုးဒဏ်တွေကို မကြောက်မရွံ့ဘဲ လာရောက်ဆေးကုပေးတဲ့အဖွဲ့တွေနဲ့ ဆေးကုသဖို့စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ သက်ဆိုင်ရာ တာဝန်ရှိသူတွေအားလုံးကို ကျွန်မတို့ ဒေသခံ







တစ်ယောက်အနေနဲ့ သော်လည်းကောင်း၊ ဝန်ထမ်းတစ်ယောက်အနေနဲ့ သော်လည်းကောင်း အထူးပဲ ကျေးဇူးတင်ရှိပါတယ်။"

"ကျွန်တော်တို့ ဒေသမှာတော့ လမ်းပန်းဆက်သွယ်မှုက အားနည်းနေတဲ့အတွက် ဒီလိုမျိုးဆေးကုသမှု တွေလာတဲ့အတွက် ကျွန်တော်တို့ကျေးရွာတွေမှာ တော်တော်လေးလည်း အဆင်ပြေပါတယ်။ ကျွန်းစုကို လာမယ်ဆိုရင် ကျွန်တော်တို့နေရာက ဆိုင်ကယ်နဲ့ဆို နှစ်နာရီလောက်လာရပါတယ်။ လှေနဲ့သွားမယ်ဆိုရင်လည်း မြိတ်မှာ တစ်နာရီကျော်လောက်မောင်းရပါတယ်။ အခုလိုမျိုး ကျွန်တော်တို့ကို လာရောက်ကုသပေးတဲ့ အတွက်လည်း ငွေကြေးအားနဲ့ရော သွားရလာရတဲ့ လမ်းခရီးရဲ့ ပင်ပန်းမှုတွေကိုပါ အားလုံးကောင်းသွားပါတယ်။ ငွေကြေးလည်း အများကြီး သက်သာပါတယ်။ ပြီးရင် ဆေးကုသမှုက အပြင်မှာ ကုသရတာနဲ့ မတူပါဘူး။ တစ်နေရာတည်းမှာ အများကြီးရောဂါစုံကို ကုရတဲ့အတွက် ပိုပြီးအဆင်ပြေပါတယ်။ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေရော လာရောက်ကုပေးတဲ့ အဖွဲ့တွေနဲ့ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးတဲ့ သူတွေအားလုံးကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။"

**သတင်းစဉ်**

# တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ရုရှားသမ္မတဗလာဒီမာပူတင် ဗီဒီယိုကွန်ဖရင့်ဖြင့် ဆွေးနွေးပွဲကျင်းပ

ပေကျင်း ဇန်နဝါရီ ၂၁

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ယနေ့တွင် ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ဆွေးနွေးပွဲကျင်းပခဲ့ကြောင်း ဆောက်ချိုင်းနားမောနင်းပို့စ်သတင်းဌာန သတင်း အရ သိရသည်။



**တိုးမြှင့်ဆောင်ရွက်**

ထရမ့်အမေရိကန်သမ္မတဖြစ်လာပြီး ရုရှား သမ္မတဗလာဒီမာပူတင်အား မကြာမီတွေ့ဆုံဆွေးနွေး မည်ဟု ပြောကြားခဲ့ပြီးနောက် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတဗလာဒီမာပူတင်တို့ အကြား ယခုကဲ့သို့ ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ယခုနှစ်အစပိုင်းတွင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ဆွေးနွေးပွဲကျင်းပခြင်းဖြင့် တာထွက်ကောင်းခဲ့ကာ မိမိတို့နှစ်နိုင်ငံအကြား ယခင်ကပူးပေါင်းဆောင်ရွက် ခဲ့သည့် အောင်မြင်မှုရလဒ်များကို ပြန်လည်သုံးသပ် ပြီး ရုရှား-တရုတ် ချစ်ကြည်ရင်းနှီးမှုနှင့် မဟာဗျူဟာ မြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီအမံများကို တိုးမြှင့်ဆောင်ရွက်မည်ဟု ရုရှားသမ္မတဗလာဒီမာ ပူတင်က ပြောကြားသည်။

ယခုနှစ်သည် မိမိတို့အိမ်နီးချင်းနှစ်နိုင်ငံအတွက် အလွန်အကျိုးကျေးဇူးရှိသော နှစ်တစ်နှစ်ဖြစ်ကာ မော်စကိုနှင့် ပေကျင်းအကြား ထိပ်သီးဆွေးနွေးပွဲများ မှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နေ ကြောင်းနှင့် မိမိတို့နှစ်နိုင်ငံသည် ပိုမိုမျှတသော ဝင်ရိုးစွန်းကမ္ဘာ့စည်းမျဉ်းကို တည်ဆောက်ရန် အတူတကွ ပူးပေါင်းဆောင်ရွက်နေပြီး ယူရေးရှား ဒေသနှင့် ကမ္ဘာတစ်ခုလုံးတွင် လုံခြုံမှုရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်ဟု သမ္မတပူတင်က ပြောကြားခဲ့သည်။ ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံ အကြား နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ပူးပေါင်းဆောင် ရွက်မှုအပါအဝင် လက်ရှိအောင်မြင်နေသည့် ပူးပေါင်း ဆောင်ရွက်မှုများသည် နိုင်ငံတကာတည်ငြိမ်ရေး အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ယခုဆွေးနွေးမှုသည် နှစ်နိုင်ငံအကြား နီးကပ်သော ဆက်ဆံရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက် မှုကိုမြှင့်တင်ရန် ကတိကဝတ်ကိုထင်ဟပ်စေခဲ့သည်။

နှစ်နိုင်ငံ ဆက်ဆံရေးကို ခိုင်မာအောင်ချဲ့ထွင်ကာ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ နက်ရှိုင်းစွာ ဖွံ့ဖြိုးတိုးတက်လာရန် တွန်းအားပေးသင့် ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြား သည်။

နှစ်သစ်တွင် တရုတ်-ရုရှား ဆက်ဆံရေးကို ပိုမို တိုးတက်ခိုင်မာလာစေရေးအတွက် သမ္မတပူတင်နှင့် လက်တွဲဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် မည်သည့် တတိယနိုင်ငံကိုမျှ ပစ်မှတ်ထားခြင်းမရှိသည့် မှန်ကန်သောလမ်းကြောင်းပေါ်တွင် အတူတကွ လျှောက်လှမ်းနေကြောင်းနှင့် နှစ်နိုင်ငံခေါင်းဆောင် များ၏ မဟာဗျူဟာမြောက်သည့် လမ်းညွှန်မှုကြောင့် နှစ်နိုင်ငံအကြား နိုင်ငံရေးယုံကြည်မှုနှင့် မဟာဗျူဟာ မြောက် ညှိနှိုင်းဆောင်ရွက်မှုများ တိုးတက်လာ ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောကြားခဲ့ သည်။

**ကိုးကား - ဆောက်ချိုင်းနားမောနင်းပို့စ်**

**ဘာသာပြန် - စိုးသူရ**

---

# တရုတ်နိုင်ငံ မြို့ပြဒေသများ၌ ယမန်နှစ်အတွင်း အလုပ်အကိုင်နေရာ ၁၂ ဒသမ ၅၆ သန်း ပေးအပ်နိုင်ခဲ့

ပေကျင်း ဇန်နဝါရီ ၂၁



တရုတ်နိုင်ငံ မြို့ပြဒေသများတွင် ယမန်နှစ်အတွင်း အလုပ်အကိုင်နေရာ ၁၂ ဒသမ ၅၆ သန်းကို ပေးအပ်နိုင်ခဲ့ ကြောင်း လူ့စွမ်းအားအရင်းအမြစ်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

နိုင်ငံအတွင်းယမန်နှစ်တွင် မြို့ပြဒေသ အလုပ်လက်မဲ့ရာခိုင်နှုန်းသည် ၅ ဒသမ ၁ ရာခိုင်နှုန်းသာရှိပြီး ၎င်းပမာဏသည် ယမန်နှစ်မတိုင်မီ ကာလကထက် လျော့နည်းလာကြောင်း ၎င်းဝန်ကြီးဌာန က ထပ်လောင်းပြောကြားသည်။ လက်ရှိ အချိန်တွင် မြို့ပြဒေသအလုပ်အကိုင် ရရှိမှုအခြေအနေသည် တည်ငြိမ်ကာ တိုးတက်မှုရှိကြောင်း ၎င်းဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လူအိုက်ဟောင်းက ပြောကြားသည်။ ယမန်နှစ် နှစ်ကုန်ပိုင်း တွင် နိုင်ငံသား ၃၃ ဒသမ ၅ သန်းကို အလုပ်အကိုင် ပေးအပ်ခဲ့ကြောင်းနှင့် လူမှုဖူလုံရေးကတ် ကိုင်ဆောင်သူအရေ အတွက် ၁ ဒသမ ၃၉ ဘီလီယံရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

---

# ကမ္ဘောဒီးယားနိုင်ငံက ကန်ဒေါ်လာ ၁၃ ဒသမ ၉၂ ဘီလီယံတန်ဖိုးရှိထုတ်ကုန်များ တင်ပို့ခဲ့

ဖနောင်ပင် ဇန်နဝါရီ ၂၁

ကမ္ဘောဒီးယားနိုင်ငံသည် ယမန်နှစ်အတွင်း ကန်ဒေါ်လာ ၁၃ ဒသမ ၉၂ ဘီလီယံ တန်ဖိုးရှိသည့် အထည်အလိပ်၊ ဖိနပ်ထုတ်ကုန်နှင့် ခရီးသွားလုပ်ငန်းထုတ်ကုန်များကို ပြည်ပနိုင်ငံများသို့တင်ပို့ခဲ့ပြီး ၎င်းပမာဏသည် ယမန်နှစ်မတိုင်မီကာလကထက် ၂၃ ရာခိုင်နှုန်းတိုးတက်လာခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန မှတ်တမ်းအရ သိရသည်။

ယမန်နှစ်အတွင်း အထည်အလိပ်တင်ပို့မှုမှဝင်ငွေ ကန်ဒေါ်လာ ၉ ဒသမ ၇၉ ဘီလီယံရရှိခဲ့ကာ ကန်ဒေါ်လာ ၄၉၉ သန်းတန်ဖိုးရှိသည့် ချည်ထည်များကိုလည်း နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင်ယမန်နှစ်အတွင်း ကန်ဒေါ်လာ ၁ ဒသမ ၆၈ ဘီလီယံတန်ဖိုးရှိသည့် ဖိနပ်ထုတ်ကုန်များနှင့် ကန်ဒေါ်လာ ၁ ဒသမ ၉၅ ဘီလီယံတန်ဖိုးရှိသည့် ခရီးသွား လုပ်ငန်းထုတ်ကုန်များကိုလည်း ပြည်ပသို့တင်ပို့ရောင်းချခဲ့သည်။ အထည်အလိပ်၊ ဖိနပ်ထုတ်ကုန်နှင့် ခရီးသွားလုပ်ငန်းထုတ်ကုန်ကဏ္ဍများသည် နိုင်ငံအတွက် နိုင်ငံခြား ဝင်ငွေ အများဆုံးရှာဖွေပေးနေသည့် လုပ်ငန်းများဖြစ်သည်။ ၎င်းလုပ်ငန်းကဏ္ဍများတွင် လုပ်သားအရေအတွက် ၉၁၃၀၀၀ ရှိပြီး အများစုမှာ အမျိုးသမီးများဖြစ်ကြောင်း အလုပ်သမားနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ ဝန်ကြီးဌာန၏ မှတ်တမ်းအရ သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

---

# အနောက်ဘက်ကမ်းဒေသတွင် စစ်ဆင်ရေးများ ဆင်နွှဲခဲ့ကြောင်း အစ္စရေးတပ်မတော် ပြောကြား

ဂျေရုဆလင် ဇန်နဝါရီ ၂၁

အနောက်ဘက်ကမ်းဒေသတွင် စစ်ဆင်ရေးများဆင်နွှဲခဲ့ကြောင်း အစ္စရေး တပ်မတော်က ယနေ့ပြောကြားခဲ့သည်။

စစ်သွေးကြွများ၏ လှုပ်ရှားမှုများကို တွေ့ရှိရသဖြင့် ယခုကဲ့သို့ဆောင်ရွက်ခြင်း ဖြစ်ကြောင်း အစ္စရေးတာဝန်ရှိသူများက ထပ်လောင်းပြောကြားသည်။ လက်ရှိအချိန် တွင် အနောက်ဘက်ကမ်းဂျီနင်ဒေသ၌ အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်ရေးများ ထပ်မံဆင်နွှဲရန် အစ္စရေးတပ်မတော်က ဆောင်ရွက်နေသဖြင့် ၎င်းဒေသမှ ပါလက် စတိုင်းလုံခြုံရေးတပ်ဖွဲ့များ ဆုတ်ခွာပေးရေး အစ္စရေးက တောင်းဆိုခဲ့သည်။

ယနေ့တွင် အနောက်ဘက်ကမ်းဒေသတွင် အစ္စရေးတပ်ဖွဲ့များ၏ တိုက်ခိုက်မှုများ ကို တုံ့ပြန်နိုင်ခဲ့ကြောင်း ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့က ပြောကြားသည်။ ဂါဇာဒေသ တွင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှစတင်၍ ဟားမတ်စ်အဖွဲ့က တိုက်ခိုက်ခဲ့ပြီး နောက် အစ္စရေးကလည်း အပြန်အလှန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့သည်။

အစ္စရေးနှင့်ပါလက်စတိုင်းတို့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အသက်ဝင်လာပြီးချိန်တွင် အစ္စရေးတပ်ဖွဲ့က တိုက်ခိုက်မှုများ ဆက်လက်ဆောင်ရွက် ခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

---

# ပါကစ္စတန်နိုင်ငံ၏ အထူးစီးပွားရေးဇုန်များ မြှင့်တင်ရန် တရုတ်-ပါကစ္စတန်အကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၂၁**

တရုတ်-ပါကစ္စတန် စီးပွားရေးစင်္ကြံ အရ ပါကစ္စတန်နိုင်ငံ၏ အထူးစီးပွားရေး ဇုန်များ မြှင့်တင်ရန် တရုတ်-ပါကစ္စတန် အကြား ပူးပေါင်းဆောင်ရွက်ရန် လိုအပ် ကြောင်း ပါကစ္စတန်ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

စိမ်းလန်းသော အထူးစီးပွားရေးဇုန် များ မြှင့်တင်ဖော်ဆောင်ရာတွင် တရုတ် နိုင်ငံ၏အတွေ့အကြုံမှ သင်ယူခြင်းဖြင့် ပါကစ္စတန်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များနှင့် လိုက်လျောညီထွေရှိ သောစက်မှုလုပ်ငန်းများကို မြှင့်တင်နိုင် မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဈေးကွက်ရှာဖွေရေး အစီအစဉ်များ နှင့် ပြည်ပနှင့်ပြည်တွင်းရင်းနှီးမြှုပ်နှံသူ များအတွက် မက်လုံးများအပါအဝင် ပါကစ္စတန်နိုင်ငံ၏ အထူးစီးပွားရေးဇုန် များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံ များ ဆောင်ရွက်နေကြောင်း တာဝန်ရှိသူ များက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၏ စက်မှုလုပ်ငန်း တိုးတက်မှုအတွက် နောက်ထပ်ခြေလှမ်း အဖြစ် စက်မှုဥယျာဉ်များ တည်ဆောက် ရန်လိုအပ်ကြောင်း တရုတ်-ပါကစ္စတန် အင်စတီကျူတာဝန်ရှိသူ မူစတာဖာက ပြောကြားသည်။



**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၁

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Pajero ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ Lugong Wheel Loader ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၀၀၀၀၀)ကို ယာဉ်စီမံခန့်ခွဲမှုဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၆၀၀၀၀၀ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုည ဒသမ ၆၄၄ တန်၊ သစ်မာ သုည ဒသမ ၅၈၈ တန်၊ အခြားသစ် သုည ဒသမ ၃၃၅ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၂၇၄ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မုံရွာမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးနှင့် မန္တလေးမြို့မှ ဖားကန့်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းကိုးမျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၉၈၈၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး၊ စက်မှုဇုန်ထုတ် HMA Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၀၀၀၀၀၀)ကိုလည်းကောင်း၊ မြစ်ငယ် စစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့သွားရောက်မည့်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၁၉၅၃၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MAN Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ တာချီလိတ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးနှင့် တာချီလိတ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၇၇၃၀၄)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးနှင့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊



မွန်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

မြစ်သားမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်း ၂၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၃၅၁၈၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၂၇၃၀၈၆၄ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောက်ဥက္ကလာပမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၁ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်လေးစီးနှင့် ဆိုင်ကယ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပေါင်မြို့ ခလောက်အင်းရပ်ကွက်၌ တရားမဝင်ကျွန်းသစ် ၁၅ ဒသမ ၆၅၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၉၉၂၈၂၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၄၉၂၈၂၀ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၅၉၈၉၅၈)ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ရန်ကုန်မြို့ရှိ အမျိုးသားအဆောင်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့များက ဝင်ရောက်စစ်ဆေးကာ ငွေညှစ်ဖမ်းဆီးခြင်းများပြုလုပ်ခဲ့ကြောင်း မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ အမျိုးသားအဆောင်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ငွေညှစ်စာရင်းအကြောင်းပြ၍ ဝင်ရောက်ဖမ်းဆီးခြင်းများ ပြုလုပ်နေပြီး ဇန်နဝါရီ ၁၆ ရက် ညပိုင်းက မြို့လယ်ရှိ အဆောင်တစ်ခုကို ဝင်ရောက်စစ်ဆေး၍ ငွေမပေးနိုင်သူများကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားထုတ်လွှင့်လျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ပြည်သူများအား ဥပဒေမဲ့ဖမ်းဆီးခြင်း၊ ငွေကြေးကောက်ခံခြင်းများ မရှိကြောင်း၊ ရန်ကုန်မြို့အတွင်း အကြမ်းဖက်သမားများ တရားမဝင် ခိုအောင်းဝင်ရောက်၍ အဖျက်အမှောင့် လုပ်ငန်းများ လုပ်ဆောင်ခြင်း မရှိစေရန်အတွက် လုံခြုံရေး ပူးပေါင်းအဖွဲ့များသည် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ စစ်ဆေး ရှာဖွေခြင်းများသာ လုပ်ဆောင်လျက် ရှိကြောင်း၊ အကြမ်းဖက်သမားများ အနေဖြင့် အဆိုပါ နယ်မြေအတွင်း လုံခြုံရေး ပူးပေါင်းအဖွဲ့များ၏ နေ့ညမပြတ် စစ်ဆေး ရှာဖွေခြင်းများကြောင့် ဝင်ထွက်သွားလာနိုင်ရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ လွယ်ကူစွာ ဝင်ထွက်သွားလာနိုင်ရန်နှင့် ပြည်သူလူထုမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ ဖြစ်စဉ်ဖြစ်ရပ် ကိုက်ညီမှုမရှိသည့် သတင်းမှားများဖြင့် လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၁-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်၊ ဝဋ္ဋသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | လေ့လာစရာစုံလင် အမိမြန်မာပြည်တစ်ခွင် 'လီဖျော်ရောင်စိုက်ကွင်းကြီးသို့' |
| ၀၉:၁၀ | သုတပဒေသာစိုက်ပျိုးနည်းပညာ |
| ၁၁:၁၅ | ကမ္ဘာတစ်လွှား အနုပညာသတင်းများ |
| ၁၁:၃၅ | ရွှေဖယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၁၆) |
| ၁၃:၀၅ | သီချင်းကြိုးပဒေသာ |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဖမ်းသူများ' (အပိုင်း-၅) |
| ၁၅:၃၀ | Weekly Soccer Preview |
| ၁၆:၄၅ | မျိုးဇုက်တင့်စေ ဆိုကရေးတီအဖွဲ့ |
| ၁၇:၁၀ | ရွှေသို့ချိမည် ပန်းတိုင်ဆီ |
| ၁၇:၄၀ | NEXT LEVEL |
| ၁၈:၃၅ | ပြည်ချစ်သားမွန် တေးသဝဏ် |
| ၁၈:၄၅ | သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ |
| ၁၉:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၅၉) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန် တေးသဝဏ် |
| ၂၁:၁၀ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၂၁:၂၀ | (၂၅)ကြိမ်မြောက် ဆိုကရေးတီးပြိုင်ပွဲ (ဇာတ်တော်ကြီးပြိုင်ပွဲ) (**မဟာဇနကဇာတ်တော်ကြီး**)(တတိယဆု) (ရောဝတီတိုင်းဒေသကြီး)(ဒုတိယပိုင်း) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Myanma Panorama and Myanma Sentiment |
| 07:08 | Listening Pleasure, Instrumental Music (Don Min) Kyay Say Ta Man (Love Messenger) |
| 07:21 | A Glimpse of Taungoo & its Delicacies |
| 07:36 | Dances of Myanmar: Mon Farmer Choral Dance |
| 07:45 | Ecotourism: Bat Cave and Chatthin Wildlife Sanctuary |
| 08:01 | News |
| 08:26 | Asia Updates; Battles for love |
| 08:32 | Bo Cho Island, Makyonegalet |
| 08:44 | Myanmar Masterclass: Artist Hla Phone Aung |
| 09:01 | Exploring Migratory Birds at Moe Yun Gyi Sanctuary |
| 09:42 | The Lives of Stone Slab and Mortar Makers |
| 10:01 | News |

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
အိပ်မက်လမ်းသို့ခရီးရှည် (ဒီးလာဝါဇီကျေးရွာမှ အတာတော်ကျေးရွာသို့)(အပိုင်း-၁)

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ပျော်လင့်ခြင်းဖားစည်

**ဝကကကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၃)

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ကရင်စာပေသင်ကြားရအောင်(အပိုင်း-၁)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ရေနတ်ပူဇော်ခြင်း

**ချင်း (လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀)**
ချင်းမလေးချက်သည့်ရခိုင်ငှက်ပျောအူဟင်း

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
စွန်တောင်ရွာမှလက်မှုပညာ

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
မွန်ရိုးရာထိမ်းမြားမင်္ဂလာ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
အရသာကျော်မော်ခေါက်ဆွဲကဘားကြော်

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ (ရှေးခေတ်ရှမ်း၊ရှမ်းကြီး၊တိုင်းနောင်၊တိုင်းလိုင်း)

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
လွိုင်မွေမြို့သို့အလည်တစ်ခေါက်

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၀၉:၄၅ | SPORTS MAX |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၀:၄၅ | Festivals Around The World |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ကိုရီးယားနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မမှန်သတင်းပေးခြင်း' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ' |
| ၁၀:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဆွစ်ဇာလန်နိုင်ငံ' |
| ၁၁:၃၀ | ရွှေသို့ချိမည် ပန်းတိုင်ဆီ (အပိုင်း-၅၀) |

### MRTV FARMERS' Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | အပေးအယူမျှတလို့ သမဝါယမ နို့စားနွားမွေးမြူသူများ စုဖွဲ့ကြပါစို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | Rose Tour |
| ၁၉:၂၀ | Day in the Life of a Small Farm |
| ၁၉:၄၅ | International Music Hits |
| ၂၀:၀၀ | ရင်ထဲကရွှေနှန်းကျင် (ဇာတ်လမ်း) |
| ၂၂:၀၀ | Kikujiro (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက် လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၄၀ | Weekly MNL Review |
| ၁၇:၀၀ | အားကစားသတင်း |
| ၂၀:၀၀ | U-21 အမျိုးသားဘောလုံးပြိုင်ပွဲ (တတိယနေရာလုပွဲ) (Replay) (Ayeyarwaddy Vs Yangon) |

Scan Here

MRTV · MRTV · MRTV Radio · MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်

မုံရွာ ဇန်နဝါရီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိအငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ ချင်းတွင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ အငြိမ်းစားဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသည့် အငြိမ်းစားဝန်ထမ်းများအား နံနက်စာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာအသီးသီးမှ အငြိမ်းစားဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံမိတ်ဆက်စကားများပြောကြားကာ တာဝန်ရှိသူများနှင့်အတူ အငြိမ်းစားဝန်ထမ်း ၇၆၀ အား အာဟာရဖြည့်စွက်စာ ကြက်ဥများအား လက်ရောက်ပေးအပ်ကြသည်။

**ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း၌ မုံရွာခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်းများအား ဆီးချို/သွေးချို ရောဂါ၊ သွေးတိုးရောဂါ၊ အကြောနာ အကြောတက်ရောဂါ၊ နှလုံးရောဂါ၊ ချောင်းဆိုးရင်ကျပ်ရောဂါများအား စစ်ဆေးကုသပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ကုသရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အဆိုပါခန်းမဝင်းအတွင်း၌ တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ အငြိမ်းစားဝန်ထမ်းများအား အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ စားသုံးဆီနှင့် ဟင်းသီးဟင်းရွက်များအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ဇန်နဝါရီလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၂၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ကာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီ စင်တီဂရိတ်နှင့်အောက် လျော့နည်းနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇန်နဝါရီလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ခုနစ်ရက်မှ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် သုံးရက်မှ ခြောက်ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့ ၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ပေဝက်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် သုံးလက်မခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးလက်မခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့တို့တွင် ပေဝက်ခန့်စီ၊ ပုသိမ်မြို့တွင် နှစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး၊ ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်ခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ပေဝက်ခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုး/ဇလ

# မိုင်းရယ်မြို့နယ် မန်ကြူကျေးရွာတွင်သောက်သုံးရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မိုင်းရယ် ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မန်ကြူကျေးရွာအုပ်စု မန်ကြူကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ယမန်နေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာရေရှိရေးကော်မတီဝင်များနှင့်အတူ မန်ကြူကျေးရွာ ရေရရှိရေးအတွက် ဂါလန် ၅၀၀၀ ဆံ့ရေစုကန်နှင့် ရေပိုက်လိုင်း ၂/၄ မိုင် သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင်ထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

မန်ကြူကျေးရွာ၌ အဆိုပါ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ် ၆၂ ဒသမ ၅၂ သန်းဖြင့် ၂၀၂၄ ခုနှစ် ဇွန်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ဇူလိုင်လ နောက်ဆုံးပတ်တွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးခဲ့ပြီး မန်ကြူကျေးရွာ အိမ်ခြေ ၈၅ အိမ်၊ လူဦးရေ ၄၇၅ ဦးအတွက် သောက်သုံးရေ အကျိုးပြုဖြစ်ထွန်းကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၃၀ | ၃၁၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၅ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၈၀ | ၄၁၀၀ |
| 95 Ron | ၃၁၄၀ | ၃၂၅၀ | ၃၂၂၀ | ၃၁၅၅ | ၃၂၆၀ | ၃၂၇၅ | ၃၂၉၀ | ၃၂၁၀ | ၄၅၆၀ | ၃၅၀၀ | ၃၂၂၅ | ၃၂၃၀ | ၃၃၀၀ | ၃၂၆၀ | ၃၂၈၅ | ၃၅၄၀ | ၄၂၅၀ |
| HSD (500 ppm) | ၂၇၄၀ | ၂၈၅၅ | ၂၈၂၀ | ၂၇၅၅ | ၂၈၆၀ | ၂၈၇၅ | ၂၈၉၀ | ၂၈၁၀ | - | ၃၁၀၅ | ၂၈၂၅ | ၂၈၃၀ | ၂၉၀၀ | ၂၈၆၅ | ၂၈၈၅ | ၃၁၄၅ | ၄၁၀၀ |
| HSD (50 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | ၄၈၃၀ | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |
| HSD (10 ppm) | ၃၃၆၅ | ၃၄၇၅ | ၃၄၄၅ | ၃၃၇၅ | ၃၄၈၅ | ၃၅၀၀ | ၃၅၁၅ | ၃၄၃၅ | - | ၃၇၂၅ | ၃၄၅၀ | ၃၄၅၅ | ၃၅၂၀ | ၃၄၈၅ | ၃၅၁၀ | ၃၇၆၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၄ | ၂၉၉၆ |
| 95 Ron | ၂၉၆၅ | ၃၀၅၇ |
| HSD (500 ppm) | ၂၅၇၈ | ၂၆၅၉ |
| HSD (50 ppm) | ၃၁၈၂ | ၃၂၇၅ |
| HSD (10 ppm) | ၃၁၈၂ | ၃၂၇၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ဖို့ မုန်လာဥနီစားကြစို့

**မုန်လာဥနီအမျိုးအစားနှစ်မျိုး**

ဆောင်းဦးပေါက်ရာသီတွင် လှိုင်လှိုင်တွေ့ရလေ့ရှိသော အမြစ်မှဖြစ်တည်သည့် Beta Carotene ကြွယ်ဝသော မုန်လာဥနီကို အချို့က မုန်လာဥဝါဟုခေါ်ကြပြီး အများစုက “ဥနီ”ဟု အလွယ်ခေါ်ကြပါသည်။ ရှမ်းပြည်နယ်မှထွက်သော မုန်လာဥနီမှာ အသားကျစ်ပြီး အရွယ်အနည်းငယ်ညှက်ကာ အနံ့အရသာပိုမိုစူးရှပြီး “ခါကြက်ဥ” ဟုခေါ်ကြပါသည်။ မုန်လာဥနီသည် လိမ္မော်ရောင်ရှိသော အမြစ်ဖြစ်ပြီး ပေ့ါပါး၍နူးညံ့သောအရွက်ရှိသည့် ဟင်းမွှေးရွက်အုပ်စုဝင် နှစ်နှစ်တစ်ကြိမ် စိုက်ပျိုးရသောအပင်မျိုးဖြစ်သည်။ လက်တင်အမည်မှာ Daucus Carota ဖြစ်သည်။ မုန်လာဥနီအမျိုးအစားအားဖြင့် နှစ်မျိုးရှိပါသည်။ ပထမတစ်မျိုးမှာ ဒေဆီ(Desi) မျိုးဖြစ်ပြီး အနီရင့်ရောင်ရှိပါသည်။ ဒုတိယမျိုးမှာ ဝီလာယတီ (Wilayati) မျိုးဟုခေါ်ပြီး အနီဖျော့ဖျော့လိမ္မော်ရောင်ရှိကာ အရသာနှင့် အသုံးဝင်ပုံမှာ ဒေဆီ(Desi)မျိုးထက် ပိုမိုကောင်းမွန်ပါသည်။

**မုန်လာဥနီစိုက်ပျိုးနည်း**

မုန်လာဥနီကို တန်ဆောင်မုန်းလနှင့် နတ်တော်လတို့တွင် စိုက်ပျိုးနိုင်သည်။ မည်သည့်မြေမျိုးတွင်မဆို စိုက်ပျိုးနိုင်ပြီး မြေပွ၍မြေဆွေးလျှင် ပိုကောင်းပါသည်။ (၂၀x၄) ပေရှိသော စိုက်ခင်းအတွက် မျိုးစေ့တစ်ကျပ်ခွဲသားလိုအပ်၍ တစ်ပင်နှင့်တစ်ပင် လေးလက်မခြား၍ တစ်တန်းနှင့်တစ်တန်း ရှစ်လက်မခြားစိုက်ရပါသည်။ မိမိခြံအတွင်း၌မြေကျဉ်းလျှင် ရက်ကြာသော ဟင်းသီးဟင်းရွက်အပင်တန်းများကြားတွင်ဖြစ်စေ အားလပ်သောမြေနေရာတွင် စိုက်နိုင်ပါသည်။ စိုက်ခင်းတွင် အကြောင်းခပ်တိမ်တိမ်ပြုလုပ်၍ မျိုးစေ့များချပြီး မြေမှုန်နုနုဖြင့် အုပ်ပေးရမည်။ ဥကြီးကြီးလိုလျှင် အပင်ရင်း၌မြေကြီးကို မောက်မောက်လေး စုပေးရပါမည်။ မုန်လာဥနီစိုက်သောမြေသည် အမြဲစွတ်စိုနေရန်လိုပြီး မကြာခဏ ပေါင်းသင်မြေဆွပေးရသည်။ ရက်ပေါင်း ၆၀ မှ ၁၂၀ အတွင်း တူးဖော်နိုင်ပါသည်။ မုန်လာဥနီကို ရာသီစာအဖြစ်သော်လည်းကောင်း၊ တစ်နှစ်ပတ်လုံးသော်လည်းကောင်း ဈေးများတွင် ပေါများစွာတွေ့ရပါသည်။

**မုန်လာဥနီစားသုံးမှုအများဆုံးနိုင်ငံများနှင့်စားသုံးမှုပမာဏ**

အာရှတိုက်တွင် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့သည် မုန်လာဥနီအစားများသောနိုင်ငံများဖြစ်သည်။ ကမ္ဘာပေါ်တွင် မုန်လာဥနီစားသုံးမှုအများဆုံးမှာ အမေရိကန်လူမျိုးများဖြစ်ပြီး အမေရိကန်လူမျိုးတစ်ဦးသည် ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် မုန်လာဥနီ ၁၂ ပေါင်ခန့် နှစ်ခြိုက်စွာစားသုံးလေ့ရှိသောကြောင့် မုန်လာဥနီသည် ကမ္ဘာပေါ်တွင် အာလူးပြီးလျှင် ဒုတိယရေပန်းအစားဆုံးဟင်းသီးဟင်းရွက်ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ စစ်တမ်းများတွင် ဖော်ပြထားသည်။ အဆိုပါနိုင်ငံများတွင် မုန်လာဥနီကို အသုပ်၊ အပြုတ်၊ အကြော်၊ အလှော်၊ အကင်၊ စွပ်ပြုတ်၊ ဆန်ပြုတ်၊ ပူရီ၊ ထမင်းလိပ်၊ ကင်မ်ချီ၊ တော့ပိုကီ၊ မုန်လာဥနီ Croquettes၊ စပါ(ဂ်)တီခေါက်ဆွဲနှင့် ဂျပန် Cole Salw စသည့်ဟင်းလျာတို့အပြင် အချိုပွဲအဖြစ် ကိတ်မုန့်၊ ကွတ်ကီး၊ Pie Cake၊ ပူတင်း၊ ယို၊ ရေခဲမုန့်၊ ဖျော်ရည် စားဖွယ်စုံအဖြစ် အမျိုးမျိုးပုံဖော်စားသောက်ကြသည်။

မြန်မာနိုင်ငံတွင် မုန်လာဥနီကို အများအားဖြင့် ကြော်စားကြသည်။ မုန်လာဥနီကို အတို့အမြှုပ်အနေဖြင့်ဖြစ်စေ၊ စွပ်ပြုတ်အနေဖြင့်ဖြစ်စေ ထည့်သွင်းစားသုံးနိုင်ပါသည်။ မုန်လာဥနီကို ရေဖြင့်သေချာဆေးကြောပြီး အစိမ်းလိုက်သော်လည်းကောင်း၊ အချိုပြုတ်၍သော်လည်းကောင်း စားသုံးနိုင်သကဲ့သို့ ကော်ပြန့်ကြော်များ၌ဖြစ်စေ၊ ယိုထိုး၍ဖြစ်စေ၊ မုန်လာဥနီသနပ်၊ မုန်လာဥနီချဉ်ဖတ်အဖြစ်ဖြစ်စေ ပုံစံအမျိုးမျိုးပုံဖော်၍ စားသုံးလေ့ရှိပါသည်။ ကျန်းမာရေးလိုက်စားသူများက ငှက်ပျောသီးကဲ့သို့ သစ်သီးများနှင့်ရောကြိတ်ပြီး ဖျော်ရည်အနေဖြင့် သောက်သုံးကြပါသည်။

**မုန်လာဥနီ၏ ဆေးဖက်ဝင်အာဟာရဓာတ်များ**

မုန်လာဥနီကို အစာအာဟာရဓာတ်အဖြစ် အသုံးများသော်လည်း ဆေးဖက်ဝင်အာဟာရဓာတ်များဖြစ်သည့် ဗီတာမင်အေ၊ ဘီ၊ စီ၊ ကေ(Vitamin A၊ B၊ C၊ K) ဓာတ်များအပြင် သံဓာတ် (Fe)၊ မီးစုန်းဓာတ် (P)နှင့် ကန့်ဓာတ်(S)၊ ပိုတက်ဆီယမ် (K)နှင့် မဂ္ဂနိစ် (Mn)များလည်း ပါဝင်သဖြင့် ကျန်းမာရေးအတွက် အထူးကောင်းမွန်သည်ကို တွေ့ရသည်။ ထို့ပြင် ဗီတာမင်အေ (Vitamin A) ဓာတ်အဖြစ် အလွယ်တကူ ကူးပြောင်းသွားနိုင်သော ကာရိုတင်းဓာတ် (Carotene) ကြွယ်ဝသောကြောင့် ဗီတာမင်အေဓာတ် အလုံအလောက်ရရှိစေရန် မုန်လာဥနီကို စားသုံးပေးရန် အကြံပြုကြပါသည်။ မုန်လာဥနီကို ခွန်အားတိုးစေသောသစ်ဥသစ်ဖု (Tonic tuber) အဖြစ် လူသိများပြီး ရောဂါဘယမျိုးစုံမှလည်း အကာအကွယ်ပေးနိုင်သောကြောင့် လူတိုင်း ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးအတွက် စားသုံးပေးသင့်ပါသည်။

ဓာတုဗေဒစစ်ဆေးချက်များအရ မုန်လာဥနီတွင် သံဓာတ်၊ မီးစုန်းဓာတ်နှင့် ကန့်ဓာတ်များ ပေါကြွယ်ဝမှုကြောင့် လူ့ခန္ဓာကိုယ်အတွက် လိုအပ်သော သံဓာတ်ထုတ်လုပ်မှုတွင် အခြားခေတ်ပေါ်ဆေးဝါးများနေရာ၌ အစားထိုးသုံးစွဲနိုင်ပါသည်။ မုန်လာဥနီကဲ့သို့ သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များတွင်ပါရှိသော တွင်းထွက်ဆားသည် ထပ်ဆင့်ပြောင်းလဲမှုမရှိဘဲ သွေးနှင့်တိုက်ရိုက်ပူးပေါင်း ရောထွေးသွားနိုင်သောကြောင့် သွေးလည်ပတ်မှုကို ပိုမိုချောမွေ့စေပါသည်။ မုန်လာဥနီတွင် သကြားဓာတ် ၁၀ ရာခိုင်နှုန်းခန့်ပါရှိသည်။ ပရိုတိန်းဓာတ်အနည်းငယ်သာ ပါဝင်သော်လည်း အခြားဓာတ်များ အလျှံပယ်ပါဝင်သောကြောင့် အလွန်အဖိုးထိုက်တန်ပါသည်။ ထို့ပြင် မုန်လာဥနီတွင် ကင်ဆာရောဂါ၊ နှလုံးရောဂါနှင့် သွေးတိုးရောဂါတို့ကို ကာကွယ်ပေးနိုင်သည့် Antioxidant များအပြင် ဗီတာမင်အမျိုးမျိုး၊ အမျှင်ဓာတ်၊ ကစီဓာတ်၊ ပိုတက်စီယမ်ဓာတ် အစရှိသည့် သတ္တုဓာတ်များ ပါဝင်နေသဖြင့် နေ့စဉ်အာဟာရအတွက် မရှိမဖြစ်ထည့်သွင်းစားပေးရန် လိုအပ်ပါသည်။

**မုန်လာဥနီ၏ ဆေးဖက်ဝင်ပုံအမျိုးမျိုး**

မုန်လာဥနီကဲ့သို့ အမြစ်မှဖြစ်တည်သည့် Beta

ဒေါက်တာလပြည့်ခင်

Carotene ကြွယ်ဝသော လိမ္မော်ရောင်ခြယ်သစ်သီးဥမျိုးကို မှန်မှန်စားသုံးပေးခြင်းဖြင့် မှတ်ဉာဏ်အားနည်းခြင်းမှ ကာကွယ်ပေးနိုင်သလို ဦးနှောက်အာရုံကြောစနစ် အိုမင်းရင့်ရော်ခြင်းမှလည်း ကာကွယ်ပေးနိုင်ပါသည်။ မျက်စိ၊ နား၊ နှာခေါင်းဆိုင်ရာရောဂါများကို တားဆီးကာကွယ်ပေးပြီး ဆီးပူညောင်းကျရောဂါများ ကင်းဝေးစေသည်။ မုန်လာဥနီကို ငရုတ်ဆုံတွင် ညက်ညက်ထောင်း၍ အရည်ညှစ်ထုတ်ပြီး ခြောက်အောင်စမှ ရှစ်အောင်စခန့် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သောက်သုံးပေးလျှင် ကိုယ်ခန္ဓာတွင်း အက်စစ်ဓာတ်လွန်ကဲမှု (Hyperacidity) ကို ထိန်းချုပ်ပေးနိုင်ပါသည်။ ထို့ပြင် အစာအိမ်နာ (Gastric ulcer)၊ အူသိမ်အူမအနာ(Intestinal ulcer) နှင့် ဝမ်းချုပ်ရောဂါ (Constipation) များကို တွန်းလှန်ဖယ်ရှားပစ်နိုင်ပါသည်။ ဥနီကို ၁၅ ရက်မှ ရက် ၂၀ ခန့် ဆက်စားပေးလျှင် ဝဲနာ၊ ယားနာနှင့် အခြားအရေပြားရောဂါများ သက်သာပျောက်ကင်းစေပြီး အနီးမီးယား(Aniemia) ဟုခေါ်သည့် သွေးအားနည်းရောဂါကိုလည်း ဖယ်ရှားပေးပါသည်။

အာဟာရမျှတပြီး ကျန်းမာရေးအတွက်လည်း ကောင်းကျိုးများစွာပေးနိုင်သည့် အစာလည်းဆေး၊ ဆေးလည်းအစာအုပ်စုထဲတွင် မုန်လာဥနီလည်း တစ်ခုအပါအဝင်ဖြစ်သည်။ မုန်လာဥနီတွင် ကင်ဆာရောဂါများဖြစ်မလာနိုင်အောင် တားဆီးပေးနိုင်သော ကာရိုတန္နိုက်(Carotenoids) ဟု ခေါ်သည့် ဓာတ်ပေါင်းများစွာပါဝင်သဖြင့် မုန်လာဥနီကို နေ့စဉ်ပုံမှန်စားပေးခြင်းဖြင့် အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ၊ အဆုတ်ကင်ဆာ၊ သွေးကင်ဆာနှင့် အမျိုးသားများတွင် ဖြစ်တတ်သည့် ဆီးကျိတ်ကင်ဆာဖြစ်နိုင်ခြေ အလွန်လျော့နည်းစေနိုင်သည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။

**မျက်စိအားတိုးစေသည့်မုန်လာဥနီ**

ဗီတာမင်အေ (Vit A) ပေါကြွယ်ဝသည့် မုန်လာဥနီကို မျက်စိကျန်းမာရေးအတွက် အထူးကောင်းမွန်သည့်အားဆေးအဖြစ် လူသိများကြပါသည်။ မုန်လာဥနီသည် မျက်စိအားကောင်းစေပြီး အမြင်ကြည်လင်စေကာ ညဘက်များတွင် ကောင်းစွာမြင်နိုင်အောင် ကူညီပေးနိုင်ပါသည်။ ဗီတာမင်အေချို့တဲ့သည့် အသက်ငယ်ရွယ်သူကလေးငယ်များကို မုန်လာဥနီ နေ့စဉ်ပုံမှန်ကျွေးပေးခြင်းဖြင့် မျက်စိအားနည်းခြင်း၊ မျက်စိမှုန်ခြင်းတို့မှ ကာကွယ်ပေးနိုင်ပါသည်။

စာမျက်နှာ ၁၇ သို့ ☆





**“မုန်လာဥနီကဲ့သို့ အမြစ်မှဖြစ်တည်သည့် Beta Carotene ကြွယ်ဝသော လိမ္မော်ရောင်ခြယ်သစ်သီးဥမျိုးကို မှန်မှန်စားသုံးပေးခြင်းဖြင့် မှတ်ဉာဏ်အားနည်းခြင်းမှ ကာကွယ်ပေးနိုင်သလို ဦးနှောက်အာရုံကြောစနစ် အိုမင်းရင့်ရော်ခြင်းမှလည်း ကာကွယ်ပေးနိုင်ပါသည်။**

**မုန်လာဥနီတွင် ကင်ဆာရောဂါများဖြစ်မလာနိုင်အောင် တားဆီးပေးနိုင်သော ကာရိုတန္နိုက် (Carotenoids) ဟုခေါ်သည့် ဓာတ်ပေါင်းများစွာပါဝင်သဖြင့် မုန်လာဥနီကို နေ့စဉ် ပုံမှန်စားပေးခြင်းဖြင့် အူမကြီးကင်ဆာ၊ ရင်သားကင်ဆာ၊ အဆုတ်ကင်ဆာ၊ သွေးကင်ဆာနှင့် အမျိုးသားများတွင် ဖြစ်တတ်သည့် ဆီးကျိတ် ကင်ဆာဖြစ်နိုင်ခြေ အလွန်လျော့နည်းစေနိုင်”**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဆီထွက်သီးနှံအထူးဇုန်(၂) အတွင်းရှိ ဆီထွက်သီးနှံ(နေကြာ) စံပြစိုက်ခင်းများ ကြည့်ရှုစစ်ဆေး



**ပုသိမ် ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများသည် ယမန်နေ့ညနေပိုင်းက တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ဆီထွက်သီးနှံအထူးဇုန်(၂)အတွင်းရှိ ဆီထွက်သီးနှံ(နေကြာ) စံပြစိုက်ခင်းများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် မအူပင်မြို့နယ် တော်တလုပ်ကျေးရွာရှိ တောင်သူ ဦးသိန်းဇော်ဝင်း၏ နေကြာပန်းတိုင် အထွက်နှုန်းရရှိရေး စံပြကွက် ဧက၂၀ တွင် အိန္ဒိယစပ်မျိုးနေကြာ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် နေကြာစပ်မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် တစ်ဧက၊ တောင်သူ ဦးသာစိုး၏ ဆောင်းနေကြာ စံပြကွက် ငါးဧကတွင် Supersun 41 မျိုး နေကြာစိုက်ပျိုးထားရှိမှု၊ တောင်သူ ဒေါ်သန်းသန်းအေး၏ ဆောင်းနေကြာ စံပြကွက် ငါးဧကတွင် Supersun 41 မျိုး နေကြာစိုက်ပျိုးထားရှိမှု၊ တောင်သူ ဦးမြင့်သန်း၏ ဆောင်းနေကြာစံပြကွက် ငါးဧကတွင် အိန္ဒိယစပ်မျိုးနေကြာ စိုက်ပျိုးထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပိုးမွှားအန္တရာယ် မကျရောက်စေရေး၊ ရေပေးသွင်းခြင်း၊ ပေါင်းမြက်နှိမ်နင်းခြင်းနှင့် မြေဩဇာ အချိန်ကိုက် ထည့်သွင်းအသုံးပြုနိုင်ရေး၊ စားသုံးဆီဖူလုံရေး၊ သီးထပ်စွမ်းအား၊ သီးနှံစိုက်စွမ်းအားများ တိုးတက်စေရေးနှင့် ပန်းတိုင်အထွက်နှုန်း ရောက်ရှိစေရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ပြီး နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး ဆီထွက်သီးနှံ အထူးဇုန်(၂) အတွင်းရှိ မအူပင်မြို့နယ် တော်တလုပ်ကျေးရွာအုပ်စုတွင် ဆီထွက်သီးနှံ နေကြာစိုက်ဧက ၂၅၀ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## အဖြူချင်းဖြင့်မတူ

✻ စံပယ်ဖြူဖွေး မွှေးကြူမိစဉ်
ရင်ဝယ်လန်းဆန်း ချမ်းမြေ့သာယာ
ရှိခဲ့ပါလည်း။

✻ ဖြူဖြူလွလွ သဇင်လှကို
ဆံမြိကေသာ ဆင်သောခါဝယ်
တင့်တယ်လှလည်း။

✻ ဘိန်းဖြူ သူအား ရှုမိပြားက
ဖြူဖွေးစံပယ် သဇင်နွယ်သို့
တင့်တယ်မွှေးကြူ မရှိမှုဘဲ
ရှုသူအများ သေရှာလား၍
ဖြူကားတူညီ ရှိလေသည်လည်း
ဂုဏ်ရည်ခြားနား သွင်ကွဲပြား။

မြသဲ(သုတေသန)

# အုတ်တွင်းမြို့နယ်၌ အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်

**အုတ်တွင်း ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံစာကြည့်တိုက်ပညာသင်တန်းကို ယနေ့နံနက် ၉ နာရီခွဲက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ အခြေခံစာကြည့်တိုက်ပညာသင်တန်းတွင် မြို့နယ်ပညာရေးမှူးရုံး ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်မေချိုမိမောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ စာကြည့်တိုက်လက်စွဲပါ အခြေခံစာကြည့်တိုက်ပညာဘာသာရပ်များအား စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။



အဆိုပါသင်တန်းကို ဇန်နဝါရီ ၂၁ ရက်မှ ၂၂ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ညောင်ဦးမြို့နယ် အထက(ခွဲ)မြင်းကပါ၌ လူငယ်စကားဝိုင်း ကျင်းပ

**ညောင်ဦး ဇန်နဝါရီ ၂၁**

ညောင်ဦးမြို့နယ် အထက(ခွဲ) မြင်းကပါ၌ ယနေ့နံနက် ၉ နာရီက လူငယ်စကားဝိုင်း ကျင်းပသည်။

ဦးစွာ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အားကစား၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်ကျန်းမာရေးနှင့် လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကြောင်း သိရသည်။

**ကိုဇော်(ခတု)**

# သရက်ချောင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား ပင်စင်လစာငွေများ လစဉ်ပုံမှန်ထုတ်ပေးလျက်ရှိ

**သရက်ချောင်း ဇန်နဝါရီ ၂၁**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်း ပင်စင်စား(အငြိမ်းစား)များအား ပင်စင်လစာငွေများကို ယနေ့နံနက် ၈ နာရီခွဲမှစ၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက စနစ်တကျ ထုတ်ပေးလျက်ရှိသည်။

မြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများ အနေဖြင့် ပင်စင်လစာငွေများကို မိမိကိုယ်တိုင် သော်လည်းကောင်း၊ အကြောင်းကြောင်းကြောင့် ကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ခြင်း မရှိသူများအနေဖြင့် ၎င်း၏မိသားစုဝင်တစ်ဦးမှ ကိုယ်စားလှယ်လွှဲစာဖြင့် ကိုယ်စားသော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ကြောင်း၊ သရက်ချောင်းမြို့နယ်ရှိမြန်မာ့စီးပွားရေးဘဏ်တွင် လစဉ်ပင်စင်လစာငွေများထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစား လူဦးရေ ၆၈၁ ဦး ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

☆ စာမျက်နှာ ၁၆ မှ

**သွေးတိုး၊ နှလုံးကင်းစင်ရေး မုန်လာဥနီစားပေး**

မုန်လာဥနီတွင် သွေးတွင်းသကြားဓာတ်ကို ထိန်းပေးနိုင်သည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidants) နှင့် သတ္တုဓာတ်များ (Metals) အများအပြားပါဝင်သဖြင့် ဆီးချိုရောဂါရှင်များ ပုံမှန်စားပေးသင့်သည့် အစားအစာထဲတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ မုန်လာဥနီတွင် အမျှင်ဓာတ်နှင့် ပိုတက်ဆီယမ်ဓာတ် ပေါကြွယ်ဝစွာပါဝင်သဖြင့် သွေးတိုးခြင်းကို ထိန်းပေးနိုင်သည့်အပြင် နောက်ဆက်တွဲကျန်းမာရေးပြဿနာဖြစ်သည့် နှလုံးရောဂါ မဖြစ်အောင်ပါ ကာကွယ်ပေးနိုင်ပါသည်။ ထို့ပြင် မုန်လာဥနီတွင် ကိုယ်ခံအားကို မြှင့်တင်ပေးနိုင်သည့် ဗီတာမင်စီဓာတ်များ အများအပြား ပါဝင်သောကြောင့် ကိုယ်ခံအားကိုကောင်းစေပြီး ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်လာသည့်ရောဂါများကို တိုက်ဖျက်ပေးနိုင်ပါသည်။ ဆောင်းရာသီတွင်ဖြစ်တတ်သည့် အအေးမိဝေဒနာကို သက်သာစေပြီး ရောဂါအမြန်ပျောက်ကင်းစေရန် ကူညီပေးနိုင်ပါသည်။

ထို့ပြင် မုန်လာဥနီသည် သွေးတွင်းကိုလက်စထရောဓာတ်ကို လျှော့ချပေးနိုင်သဖြင့် ကိုယ်အလေးချိန်ကိုလည်း ကျစေနိုင်သောကြောင့် ခန္ဓာကိုယ်အလေးချိန် လျှော့ချလိုသူများအနေဖြင့် နေ့စဉ်ပုံမှန်စားသုံးပေးသင့်ပါသည်။ တစ်ပတ်လျှင် မုန်လာဥနီ ခြောက်လုံးထက် ပိုစားသည့်သူများသည် တစ်လလုံးလျှင် မုန်လာဥနီတစ်လုံးမျှသာ စားသောသူများထက် လေဖြတ်ရောဂါဖြစ်ပွားနိုင်ခြေပိုနည်းကြောင်း ဟားဗက်တက္ကသိုလ်မှ အမေရိကန်သုတေသီများက အကြံပြုထားကြောင်းလေ့လာဖတ်ရှုရပါသည်။

အချုပ်အားဖြင့်ပြောရလျှင် မုန်လာဥနီတွင် သက်စောင့်သတ္တုဓာတ်မျိုးစုံနှင့် အာဟာရဓာတ်များစွာပါဝင်သောကြောင့် မုန်လာဥနီစားသုံးခြင်းဖြင့် အမြင်အာရုံကောင်းမွန်စေခြင်း၊ ကင်ဆာရောဂါကာကွယ်ရန်ကူညီပေးနိုင်ခြင်း၊ အိုမင်းရင့်ရော်မှုကို နှေးစေရန် ကူညီနိုင်ခြင်း၊ အရေပြားကျန်းမာရေးကို ပိုမိုကောင်းမွန်ရန်ကူညီနိုင်ခြင်း၊ ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးကြောင့် ကူးစက်ခြင်းများကို ကာကွယ်ရန် ကူညီနိုင်ခြင်း၊ နှလုံးရောဂါကိုကာကွယ်ရာတွင် ကူညီနိုင်ခြင်း၊ ခန္ဓာကိုယ်ကို သန့်စင်ပေးနိုင်ခြင်း၊ အသည်းလုပ်ဆောင်ချက်ကို တိုးတက်စေခြင်း၊ အူနှင့်သွားကျန်းမာရေးကို ကာကွယ်နိုင်ခြင်း၊ ရုတ်တရက်လေဖြတ်မှုကို ကာကွယ်နိုင်ခြင်း၊ ကျောက်ကပ်လုပ်ဆောင်ချက်တိုးတက်ရန် ကူညီနိုင်ခြင်းနှင့် အစာခြေစနစ်ကောင်းမွန်ရန် ကူညီနိုင်ခြင်းစသည့် ကျန်းမာရေးကောင်းကျိုးများစွာကို ပေးစွမ်းနိုင်သဖြင့် မုန်လာဥနီကိုစားသုံးရန် တိုက်တွန်းလိုပါသည်။ ။

# စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေး၊ ဆန်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်

စစ်တွေ ဇန်နဝါရီ ၂၁

စစ်တွေမြို့နယ်အတွင်း အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ချီးမြှင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အငြိမ်းစားဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်လစာထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောစိစစ်မှုများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး အငြိမ်းစားဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးနေမှု၊ စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက အငြိမ်းစားဝန်ထမ်းများအားရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်သည့် ဆန်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ချီးမြှင့်ကြသည်။

အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ချီးမြှင့်ပေးအပ်ခြင်း ဆောင်ရွက်ရာတွင် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်လွင်နှင့် ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးတို့က အနီးကပ်ကြီးကြပ်ကာ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ သွေးအတွင်းအောက်ဆီဂျင်ပါဝင်မှုတိုင်းတာပေးခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း၊ နှလုံးရောဂါစစ်ဆေးခြင်းနှင့် အီးစီဂျီရိုက်ပေးခြင်းများကို



ဆောင်ရွက်ပေးကြပြီး လိုအပ်သော ဆေးဝါးများကိုလည်း အခမဲ့ထုတ်ပေးကြသည်။ အလားတူ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများကလည်း အငြိမ်းစားဝန်ထမ်းများအား တိုင်းရင်းဆေးဝါးများနှင့် ကုသပေးခြင်းများကို ဆောင်ရွက်ပေးကြပြီး တိုင်းရင်းဆေးများကို အခမဲ့ ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း (ပြန်/ဆက်)**

# ပဲခူးမြို့၌ ရေမွန်းသောမွေးကင်းစကလေးအား အသက်ကယ်ပြုစုခြင်းသင်တန်းဖွင့်ပွဲ ကျင်းပ

ပဲခူး ဇန်နဝါရီ ၂၁

ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက အသက်ကယ်ပြုစုခြင်းသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်ခဲ့သည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုညွှန်းကိန်းကို တိုင်းတာရာတွင် မွေးကင်းစကလေးသေဆုံးမှုနှုန်းနှင့် (၅) နှစ်အောက်ကလေး သေဆုံးမှုနှုန်းတို့သည် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ ကမ္ဘာပေါ်တွင် မွေးကင်းစကလေး ရေမွန်းသေဆုံးခြင်းသည် မွေးကင်းစကလေး သေဆုံးစေသည့် အကြောင်းရင်းများ ထဲမှ ဒုတိယအများဆုံးဖြစ်၍ ရေမွန်းသော မွေးကင်းစကလေးများအတွက် အသက်ရှူရန် အသက်ကယ်ပြုစုခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုကောင်းမွန်အောင် အလေးထားဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေမွန်းသော မွေးကင်းစကလေးအား အသက်ကယ်ပြုစုခြင်း သင်တန်းသို့ တက်ရောက်မည့် အမျိုးသမီးကျန်းမာရေး ဆရာမကြီးများ၊ သားဖွားဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့သည်။

အဆိုပါ ရေမွန်းသောမွေးကင်းစကလေးအား အသက်ကယ်ပြုစုခြင်းသင်တန်းအား ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)အတွက် ပဲခူးမြို့၌ ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ သင်တန်းသူ ၆၆၂ ဦးအားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) အတွက် ပြည်မြို့၌ ဖေဖော်ဝါရီလတွင် သင်တန်းသူ ၆၄၂ ဦးအားလည်းကောင်း စုစုပေါင်း သင်တန်းသူ ၁၃၀၄ ဦးဖြင့် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံး ဝန်ထမ်းမိသားစုများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

မြဝတီ ဇန်နဝါရီ ၂၁

ကရင်ပြည်နယ်အစိုးရအဖွဲ့ ကြီးကြပ်ကွပ်ကဲမှုလက်အောက်ရှိ မြဝတီမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံး (ကာယ၊ ဉာဏ) ဝန်ထမ်းမိသားစုများအား ပဉ္စမအကြိမ်မြောက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ခရိုင်ပြည်သူ့ဆေးရုံကြီးမှ မြို့နယ်ဆရာဝန် ဒေါက်တာမျိုးသန့်ဇင်ဦးဆောင်၍ ယနေ့နံနက် ၉ နာရီခွဲတွင် စတင်ထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှု အခမ်းအနားသို့ မြဝတီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်နှင့် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးမှ မြို့နယ်ဦးစီးဌာနမှူး ဦးနိုင်စိုးတို့က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးနှံမီ စာရင်းကောက်ယူခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဓာတ်မတည့်သည့်ဆေး ရှိ/ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ပဉ္စမအကြိမ်) ကို အမှတ်(၂) မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားနှင့် ကုန်သွယ်ရေးဇုန်တွင် ဆောင်ရွက်နေကြသည့် ကာယ၊ ဉာဏဝန်ထမ်းမိသားစု ၁၂၀ တို့အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကျောက်တံခါးမြို့နယ်၌ KG ကလေးငယ်များအား အာဟာရကျွေးမွေးခြင်း ဆောင်ရွက်



ကျောက်တံခါး ဇန်နဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ KG ကလေးငယ်များ အာဟာရပြည့်ဝစေရန် ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ KG ကလေးငယ်များအား အာဟာရကျွေးမွေးခြင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်း (ကျောက်တံခါး) ၌ ပြုလုပ်သည်။

အဆိုပါ အာဟာရကျွေးမွေးခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူစန်း ဦးဆောင်သော ကျန်းမာရေးအဖွဲ့များ၊ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများက တက်ရောက်အားပေးကြသည်။

ကျောက်တံခါးမြို့နယ်အတွင်း၌ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း သုံးကြိမ်ကျွေးမွေးမည်ဖြစ်ကြောင်းနှင့် ကလေးငယ် ၁၄၃၄ ဦးအား အာဟာရကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်**

# ငွေ့ရှင်ဖြစ်နည်း

ပီမိုးနင်း

## မြင်းပွဲ၊ ကလပ်များနှင့် ကုမ္ပဏီများကို ငွေ့ရှင်ဖြစ်လိုသူတိုင်း သတိကြီးစွာထားကြရမည်။

> **ရပ်ဝေး၌တည်ထောင်သော "ဘုမသိ ဘမသိ" ကုမ္ပဏီများ၌ ဘယ်သောအခါမျှ ရှယ်ယာမဝင်ကောင်းပေ။ မိမိနားမလည်သောအလုပ်များ၌လည်း ရှယ်ယာမဝင်အပ်။ ဒါရိုက်တာလူကြီးများ၏ နာမည်ကြီးများကိုသိသဖြင့် နားယောင်ကာ ငွေဆုံးသူတွေများလေပြီ**

ငွေကိုထိန်းသိမ်းခြင်းသည် ငွေကိုရအောင်ရှာခြင်းထက် လွယ်ကူသော အလုပ်မဟုတ်ပေ။ ရအောင်ရှာတတ်သော်လည်း မြဲအောင်မထိန်းတတ်က အကျိုးမဲ့သာတည်း။ အများအားဖြင့် မိမိတို့ နားမလည်သော အလုပ်များ၌ နားယောင်ပါဝင်ခြင်း၊ အစုရှယ်ယာဝင်ခြင်းကြောင့် ဆုံးပါးကုန်ကျခြင်းများကို မခံသင့်ဘဲ ခံကြရလေသည်။

သိသောအလုပ်၊ မိမိကိုယ်တိုင် နားလည်သောအလုပ်များ၌သာ ငွေကြေးရင်းနှီးစိုက်ထုတ်အကုန်ခံသင့်ကြလေသည်။

အိန္ဒိယတိုင်း မဟာရာဂျာပြည်နယ်တစ်ခု၌ တည်ထောင်သော အလုပ်ကုမ္ပဏီလီမိတက်တစ်ခုတွင် ရှယ်ယာတစ်ထောင်ဖိုးဝင်သူတစ်ယောက်မှာ ရှယ်ယာစာချုပ်ကြီးနှင့် တလည်လည်ဖြစ်နေသည်ကို တွေ့ရဖူးလေသည်။

ရပ်ဝေး၌တည်ထောင်သော "ဘုမသိ ဘမသိ" ကုမ္ပဏီများ၌ ဘယ်သောအခါမျှ ရှယ်ယာမဝင်ကောင်းပေ။ မိမိနားမလည်သောအလုပ်များ၌လည်း ရှယ်ယာမဝင်အပ်။ ဒါရိုက်တာလူကြီးများ၏ နာမည်ကြီးများကိုသိသဖြင့် နားယောင်ကာ ငွေဆုံးသူတွေ များလေပြီ။

အဘယ်မျှပင် အလုပ်ကောင်းမည် မှတ်ထင်ရသော်လည်း ကုမ္ပဏီတည်ထောင်သူများ ရိုးသည်မရိုးသည်၊ အုပ်ချုပ်ခြင်းအလုပ်၌ ကောင်းသည်မကောင်းသည် (Efficiency) အရည်အချင်းရှိသည် မရှိသည်ကို မည်သူမျှ သေချာစွာမသိနိုင်ပေ။

တစ်စုံတစ်ယောက်မှာ ငွေရှိကြောင်း သိကြရသည့်အခါ ငွေပွဲစား၊ ရှယ်ယာပွဲစားတို့သည် ခွေးသေကို လင်းတဝိုင်းသလို ဝိုင်းလာတတ်ကြလေသည်။ အပြောဟုတ်တိုင်း မယုံအပ်၊ လူဟန်ခံ့ညား၍ ဂုဏ်သရေရှိဟန်ကြောင့် မလိုက်မပါအပ်ပေ။

အသက်အာမခံ ပွဲစားများမှာ သာယာကျင်လည်ကြ၏။ မျက်လုံးကြောင်ကြောင်၊ ရွှေမျက်မှန်နှင့် အရေးတကြီး အချိန်မမီမှာ ရထားမမီမှာ စိုးသလိုလို၊ ရွှေဖောင်တိန်ကိုပေးကာ သည်မှာလက်မှတ်ထိုးဟု ပြောသောကြောင့် ယောင်ယမ်းလိုက်ပါကြသည့်အတွက် ငွေဆုံးသူများ များစွာရှိကြလေသည်။

ငွေလိုလျှင် ထုတ်ချေးမည်။ ယခု လက်မှတ်ထိုးလိုက်၊ နောက်ကျရင် ရမှာမဟုတ်။ ယခု အာမခံလက်မှတ်ထိုးမှ ငွေထုတ်ချေးဖို့ အစည်းအဝေးကိုမီမယ်ဟူသော စကားမျိုးနှင့်လည်း ဆွယ်တတ်ကြလေသည်။ များစွာသော အသက်အာမခံကုမ္ပဏီများမှာ ပုံနှိပ်၍ထားသော စက္ကူများမှတစ်ပါး စာရေးစာချီအခန်းလခကိုပင် ပေးဖို့ရန် ငွေမရှိကြချေ။

ငွေပွဲစားများသည်လည်း သတိပြု၍ရှောင်ကြဉ်အပ်သောသူများဖြစ်လေသည်။ အတိုးအပွားရအောင် မည်သည့်အလုပ်မှာ ငွေဘယ်ရွေ့ဘယ်မျှထည့်ပါလားဟု လာ၍ပြောလျှင် များများကြီး သတိပြုရမည်။

ငွေကျပ်၍နေသော အလုပ်ပိုင်ရှင်များသည် ငွေပွဲစားများကို လွှတ်တတ်ကြလေသည်။ ငွေပွဲစားသည် အလုပ်၏အခြေအနေကို ဂရုစိုက်သူများမဟုတ်။ မိမိတို့ရရှိမည့် ကော်မရှင်ကိုသာ ကြည့်ကြလေသည်။

ငွေကြေးနှင့်ပတ်သက်ရာ၌ ရိုးသားသူ လွန်စွာနည်းပါးလေသည်။ "လူမိုက်ရှိမှ လူလိမ်မွဝဝမ်းဝသည်" ဟူသောလူမျိုးတွေ များစွာရှိကြလေသည်။ ငွေပွဲစားများ၊ ကုမ္ပဏီတည်ထောင်သူများ၊ အသက်အာမခံအတုအယောင်များသည် ဥပဒေအတွင်းမှာ အလုပ်လုပ်ကြသဖြင့် ၎င်းတို့ကို တရားစွဲရန်မှာ များစွာခက်လေသည်။

ငွေပွဲစားနှင့် ငွေရပေါက်ထွင်သော စာတိုစာရှည်များမှာ လွန်စွာခံ့ညားသားနားလျက် အမှိုက်လှည်းကို မောရစ်ကား-ဆီဒန်ဖြစ်အောင် ရေးသားဖော်ပြလေ့ရှိကြလေသည်။ ကုမ္ပဏီရှယ်ယာဝင်လိုကထင်ထင်ရှားရှား နှစ်ပေါင်းများစွာတည်၍နေသော ကုမ္ပဏီများမှ ရှယ်ယာများကသာ စိတ်ချရလေသည်။

ပစ္စည်းဟောင်းတစ်ပတ်ရစ် စက္ကင်းဟင်းဝယ်ရာ၌ အထူးသတိပြုရာ၏။ မိတ်ဆွေဟူ၍လည်း မယုံအပ်၊ ကျွန်ုပ်ကိုယ်တိုင် တစ်ပတ်ရစ်ကားတစ်ခုကို မိတ်ဆွေပွဲစားတစ်ယောက်နှင့်ဆက်သွယ်၍ ဝယ်မိသောကြောင့် ငွေဆုံးပါးခဲ့ဖူးလေသည်။

အစုရှယ်ယာများကို မိမိ၏အရပ်ဒေသရှိ မျက်မြင်ကိုယ်တွေ့ အလုပ်များမှသာ ဝယ်သင့်လေသည်။ အိမ်ကိုဝယ်ခိုက် မိမိနေလျက်ရှိသော အိမ်သည်အသင့်တော်ဆုံးဖြစ်လေသည်။ အဝေးတောင်များသည် စိုပြည်၏။ ရောက်သောအခါ သွေ့ခြောက်တတ်လေသည်။ မသိခြင်းသည် ဘေးအန္တရာယ်ကိုဖြစ်စေ၏။ ငွေကြေးနှင့်ပတ်သက်ရာ၌ မသိခြင်းသည် သာ၍ဆိုးလေသည်။

လောင်းကစားခြင်း၊ မြင်းပြိုင်ကွင်းသည် ငွေနှင့်လူနှင့် ကွေကင်းခြင်း၏ ဖြတ်လမ်းကြီးများ ဖြစ်ကြလေသည်။ လူတစ်ယောက် ဒဗ္ဗလင်တွတ်မိ၍ ငါးကျပ်မှ တစ်ထောင်ဖြစ်၏။ ငါးကျပ်စီ တစ်ဆယ်စီဆုံးပါးသူများမှာ ထောင်သောင်းမကပေ။ မြင်းအများထဲ၌ တစ်ကောင်၊ နှစ်ကောင်ကို လောင်းရခြင်းထက် ရှုံးလမ်းဆုံးလမ်းက ပို၍များသောအလုပ်သည် အဘယ်မှာ ရှိပါမည်နည်း။

အချို့က လောဘမကြီးလျှင် အမြဲနိုင်နိုင်သည်။ အနီထောင်မှာလည်း လိမ္မာလျှင် အမြဲနိုင်နိုင်သည်ဟု ပြောကြလေသည်။ အစကတည်းက အဆုံးတိုင် ရှုံးသူများမှာ လောဘဝင်စရာအချိန်မရှိပေ။ ကလပ်အချို့မှာ ငွေများများပါသော ကစားသမားတစ်ယောက်ကိုခေါ်၍လာသူအား ကစားပွဲစလျှင်စချင်း ငွေတစ်ရာလျှင် အစိတ်ပွဲခရသည်ဟု နောက်ဆုံးအနီထောင်သတင်းကို ကြားရလေသည်။

ဘားမားဂျာနယ်၊ (ဒုတိယတွဲ)၊ နံပါတ် ၁၄။

# လူအများနှင့် ပြေပြေပြစ်ပြစ်ဆက်ဆံနည်း

ခင်မောင်ညို (ဘောဂဗေဒ)

မည်သည့်ကိစ္စမဆို၊ မည်သူ့ကိုမဆို ကျေကျေနပ်နပ်လုပ်ပေးအောင် ခိုင်းနိုင်သည့် နည်းတစ်နည်းသာရှိသည်။ ထိုအကြောင်းကို တွေးကြည့်ဖူးပါသလား။ မှန်ပါသည်။ တကယ်ဆို တစ်နည်းသာရှိသည်။ ထိုနည်းမှာ ကိုယ်ခိုင်းသည့်ကိစ္စကို ကိုယ်ခိုင်းသည့်လူက လုပ်ချင်လာအောင် လုပ်ပေးသည့်နည်းပင် ဖြစ်သည်။

ထိုနည်းကို မှတ်ထားပါ။ ထိုနည်းမှတစ်ပါး အခြားနည်းမရှိပါ။

တခြားနည်းတွေရှိသည်ဟု ငြင်းလိုက ငြင်းနိုင်ပါသည်။ ခါးကို သေနတ်ထောက်ပြီး သူ့နာရီကို ချွတ်ပေးဖို့ ခိုင်းနိုင်သည်။ အလုပ်သမားများ၊ ဝန်ထမ်းများကို ကိုယ်ခိုင်းသည့်အတိုင်းမလုပ်လျှင် ထုတ်ပစ်မည်ဟု ခြိမ်းခြောက်ပြီး ရအောင်ခိုင်းနိုင်သည်။ သို့သော် ကိုယ့်ကွယ်ရာတွင် အလုပ်လုပ်ကြမည်မဟုတ်။ တုတ်ကိုင်၍သော်လည်းကောင်း၊ ခြောက်လှန့်၍သော်လည်းကောင်း ကလေးတစ်ယောက်ကို ကိုယ်ခိုင်းချင်တာ ခိုင်းနိုင်သည်။ သို့သော် ထိုသို့အကြမ်းပတမ်းခိုင်းစေလျှင် ကိုယ်မဖြစ်စေချင်တာတွေ ဖြစ်လာနိုင်သည်။ ဆိုးကျိုးတွေ ဖြစ်လာနိုင်သည်။

ကျွန်တော်က သင့်ကို ဘယ်အလုပ်ဖြစ်ဖြစ် လုပ်ဖို့ခိုင်းစေရာတွင် အကောင်းဆုံးသောနည်းမှာ သင်လိုချင်သည့်အရာကို ပေးသောနည်းဖြစ်သည်။

> **ထိုအချက်ရှစ်ချက်အနက် တစ်ခုမှလွဲ၍ အားလုံးလိုလိုကို ရနိုင်သည်။ ရခဲလှသော အရာတစ်ခုသာရှိသည်။ ထိုအရာမှာ ဆစ်ဂမန်ဖရွိုက်က "ကြီးပွားလိုစိတ်" ဟု ခေါ်ပြီး ဒျူဝီက "အရေးပါလိုမှု" ဟု ခေါ်သည့် အရာပင်ဖြစ်သည်။ ကြီးပွားလိုမှု သို့မဟုတ် အရေးပါလိုမှုကို ကျေနပ်အောင်ရခဲကြသည်။ အခြားအစားအသောက်၊ အိပ်စက်ခြင်းတို့ကို လိုချင်သလို နက်နက်ရှိုင်းရှိုင်း လိုချင်ပါသော်လည်း ရခဲလှ**

သင် ဘာလိုချင်သနည်း။

စိတ်ပညာရှင် ဆစ်ဂမန်ဖရွိုက်က ကျွန်တော်တို့တစ်တွေ လုပ်သမျှအရာအားလုံးသည် အကြောင်းတရားနှစ်ခုအပေါ်၌ အခြေခံသည်ဟု ဆိုခဲ့သည်။ ထိုအကြောင်းတရားနှစ်ခုမှာ လိင်စိတ်နှင့် ကြီးပွားလိုစိတ်တို့ဖြစ်ကြသည်။

ထင်ရှားကျော်ကြားသည့် အမေရိကန် ဒဿနပညာရှင် ဂျွန်ဒျူဝီက တစ်မျိုးပြောသည်။

ဒေါက်တာဂျွန်ဒျူဝီက လူတို့၏ "အရေးပါလိုသောစိတ်"သည် အနက်ရှိုင်းဆုံးဖြစ်သည်ဟု ဆိုသည်။ ဤစာအုပ်တွင် အရေးပါလိုမှုအကြောင်း အများကြီးကြားရပါမည်။

သင် ဘာလိုချင်သနည်း။ သင်လိုချင်တာတွေ အများကြီးမရှိပါ။ အချို့သောအရာတွေကို သင်လိုချင်ကြောင်း ငြင်းပင်မငြင်းပါ။ လူအများအလိုရှိကြသော အရာအချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ ကျန်းမာခြင်း၊ အသက်ရှင်လိုခြင်း၊
၂။ အစားအသောက်၊
၃။ အိပ်စက်ခြင်း၊
၄။ ငွေကြေးနှင့် ငွေကြေးက ဝယ်နိုင်သည့်အရာများ၊
၅။ နောက်ဘဝ၊
၆။ လိင်စိတ်ကျေနပ်မှု၊
၇။ ကလေးများ၏ ကြီးပွားရေး၊
၈။ အရေးပါလိုမှု။

ထိုအချက်ရှစ်ချက်အနက် တစ်ခုမှလွဲ၍ အားလုံးလိုလိုကို ရနိုင်သည်။ ရခဲလှသော အရာတစ်ခုသာရှိသည်။ ထိုအရာမှာ ဆစ်ဂမန်ဖရွိုက်က "ကြီးပွားလိုစိတ်" ဟု ခေါ်ပြီး ဒျူဝီက "အရေးပါလိုမှု" ဟု ခေါ်သည့် အရာပင်ဖြစ်သည်။ ကြီးပွားလိုမှု သို့မဟုတ် အရေးပါလိုမှုကို ကျေနပ်အောင်ရခဲကြသည်။ အခြားအစားအသောက်၊ အိပ်စက်ခြင်းတို့ကို လိုချင်သလို နက်နက်ရှိုင်းရှိုင်းလိုချင်ပါသော်လည်း ရခဲလှသည်။

စာတစ်စောင်ထဲ၌ လင်ကွန်းက "လူတိုင်း အချီးကျူးခံချင်သည်" ဟုရေးထားပြီး ဝီလျံဂျိမ်းစ်က "အသိအမှတ်ပြုခံချင်ကြသည်"ဟု ရေးသားခဲ့သည်။ ချီးကျူးခံလိုမှု၊ အသိအမှတ်ပြုခံလိုမှုကို "အလို"၊ " ဆန္ဒ"၊ " မျှော်လင့်ချက် " ဟုပင် မခေါ်။ ချီးကျူးခံလိုသော တဏှာဟူ၍ပင် ရေးသားခဲ့သည်။

ထိုချီးကျူးခံလို၊ အသိအမှတ်ပြုခံရလိုသည့် တဏှာသည် ပြင်းပြင်းပြပြ ရှိလှပြီး၊ ပြင်းပြကြီးမားလှပြီး သေသည်အထိ ထိုတဏှာမပြည့်ဝသွားသူတွေများသည်။

ထိုတဏှာကို ဖြည့်စွမ်းပေးခဲ့လျှင် အခြားသူများကို မဆိုနှင့် သုဘရာဇာကပင်လျှင် ထိုသူသေဆုံးသွားသည့်အခါ ဝမ်းနည်းမဆုံးဖြစ်နေမည်။

အရေးပါလိုသောဆန္ဒသည် လူနှင့် တိရစ္ဆာန်တို့ကို ခွဲခြားထားသောစိတ်ဖြစ်သည်။ မစ်ဆူရီပြည်နယ်တွင် လယ်ယာလုပ်သားလုပ်ခဲ့စဉ်က ဒူရော့-ဂျာဆီသည့် ဝက်မျိုးကောင်းများနှင့် မျက်နှာဖြူနွားမျိုးသန့်များကို မွေးသည်။ သူမွေးထားသော မျိုးကောင်းမျိုးသန့်များကို အမေရိကတိုက်အနောက်အလယ်ပိုင်းရှိပြပွဲများသို့ သွားရောက်ပြသလေ့ရှိသည်။ အများအားဖြင့် ပထမဆုများကိုချည်းရရှိခဲ့သည်။ ထိုရရှိခဲ့သော ဆုတံဆိပ်များကို ပိတ်ဖြူတစ်စပေါ်၌ စုချိတ်ထားပြီး ဧည့်သည်လာလျှင် အဖေကတပြပြလုပ်နေလေ့ရှိသည်။ ပိတ်စတစ်ဖက်ကို ကျွန်တော်က ကိုင်၊ နောက်တစ်ဖက်ကို အဖေကကိုင်ပြီး ကြွားကြလေ့ရှိသည်။

ကျွန်တော်တို့ကသာ ကြွားနေကြသော်လည်း ဝက်များ၊ နွားများက ဂရုမစိုက်ပါ။ အဖေကတော့ အလွန်ဂရုစိုက်သည်။ ထိုဆုလာဘ်များကို အကြောင်းပြု၍ သူ့ကိုယ်သူအရေးကြီးသည့် လူလို၊ အရေးပါသည့်လူလို ခံစားရသည်။

ကျွန်တော်တို့၏ ဘိုးဘေးဘီဘင်များသည် ဤသို့ အရေးပါလိုစိတ်မရှိခဲ့လျှင် လူ့အဖွဲ့အစည်းများ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့မည်မဟုတ်ပေ။ အရေးပါလိုစိတ်သာမရှိခဲ့လျှင် ကျွန်တော်တို့တစ်တွေသည် တိရစ္ဆာန်တွေလို ဖြစ်နေပေမည်။

(ဆက်လက်ဖော်ပြပါမည်)

## မကွေးမြို့၌ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

မကွေး ဇန်နဝါရီ ၂၁

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဖွင့်လှစ်သည့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက်က မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**အလေ့အကျင့်ကောင်းများ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများအား သက်ဆိုင်ရာ တည်ဆဲဥပဒေများ၊ ဥပဒေပြဋ္ဌာန်းချက်များကို သိရှိနားလည်ကျင့်သုံးဆောင်ရွက်နိုင်ရေး၊ ဥပဒေနှင့်ပတ်သက်၍ နိုင်ငံသားအားလုံး လေးစားလိုက်နာရန်အတွက် ယခုကဲ့သို့ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းမှပို့ချလိုက်သည့် ဥပဒေအသိပညာများကို သိရှိလိုက်နာခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများ ဖြစ်လာနိုင်မည်ဖြစ်ကြောင်း၊ ဥပဒေကို လေးစားလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများ တိုးတက်လာပြီး ဥပဒေစည်းကမ်းများကို ကောင်းစွာလိုက်နာကျင့်သုံးနေထိုင်သည့် လူမှုအဖွဲ့အစည်းဖြစ်ထွန်းရေးကို အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်းက ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းအတွက် ချီးမြှင့်ငွေကျပ် ၃၅ သိန်းအား ပေးအပ်ရာ တိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက လက်ခံရယူခဲ့သည်။



အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းတွင် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများမှ အရာထမ်း ၁၀၆ ဦးအား ဥပဒေပညာရပ် သင်ရိုးညွှန်းတမ်းနှင့်အညီ မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများက ဇန်နဝါရီ ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

## ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး အကူသူနာပြု(ပြင်ပ) ကိုးလသင်တန်းဖွင့်

ဘားအံ ဇန်နဝါရီ ၂၁

ကရင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ မြင့်တင်နိုင်ရေး၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးနှင့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ ရရှိစေရေးအတွက် ယနေ့နံနက် ၈ နာရီက ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ) သုံးထပ် တိုးချဲ့လူနာဆောင်အပေါ်ထပ်၌ အကူသူနာပြု (ပြင်ပ) ကိုးလသင်တန်းကို ဖွင့်လှစ်သည်။

**ကုသရေးလုပ်ငန်း**



အဆိုပါသင်တန်းသို့ ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အကူသူနာပြုများသည် ကုသရေးလုပ်ငန်းတွင် စ-လယ်-ဆုံး ပါဝင်သည့်အသုံးချပညာရပ်များဖြစ်သည့် အားလျော်စွာ သင်တန်းတွင် သင်ကြားရမည့် သူနာပြု အတတ်ပညာရပ်များ၊ သင်ခန်းစာများသည် လွယ်ကူမည်မဟုတ်ဘဲ ခွဲလုံ့လရှိစွာဖြင့် လေ့လာသင်ကြားမှသာ တတ်မြောက် အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းကို ကောင်းမွန်စွာ တတ်မြောက် အောင်မြင်နိုင်ကြပြီး သူနာပြုကျင့်ဝတ်ကို လေးစားလိုက်နာသော အများပြည်သူကို ကောင်းစွာ အလုပ်အကျွေးပြုနိုင်သည့် အကူသူနာပြုကောင်းများ ဖြစ်အောင် ကြိုးစားကြ စေလိုကြောင်း ပြောကြားပြီး အကူသူနာပြုသင်တန်းသူများအတွက် ငွေကျပ်ခြောက်သိန်းကို ချီးမြှင့်ပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများသည် သင်တန်းသူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

❖




## ထားဝယ်မြို့၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ထားဝယ် ဇန်နဝါရီ ၂၁

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးသက်နိုင်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီး မြင့်ထွန်း၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးဝင်းနောင်တို့က ပညာရေးစုံညီပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူး ဦးဝင်းနောင်က အဖွင့်အမှာစကားပြောကြားကာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးမြင့်လွင့်က စုံညီပွဲတော်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိသူများအားလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ(ဗဟိုအဆင့်) တွင် ဆုရရှိသူများအားလည်းကောင်း၊ လူရည်ချွန်မောင်မယ်များနှင့် ထူးချွန်ဆုရရှိသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပညာရေးစုံညီပွဲတော်ဖြစ်မြောက်ရေးအတွက် ပါဝင်လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျောင်းသားကျောင်းသူများက "ဘက်စုံပညာဂုဏ်ရည် တို့လှမ်းချီ" သီချင်းဖြင့် အခမ်းအနားကို သီဆိုဂုဏ်ပြုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## MFF ဖူဆယ်လိဂ်-၁ နှင့် လိဂ်-၂ ပြိုင်ပွဲ ဇန်နဝါရီ ၂၂၊ ၂၃ ရက် ပြန်လည်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၁

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲနှင့် လိဂ်-၂ ပြိုင်ပွဲကို ဇန်နဝါရီ ၂၂၊ ၂၃ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

ယင်းလိဂ်ပြိုင်ပွဲနှစ်ခုကို မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း၏ အာရှဖလား အမျိုးသမီးခြေစစ်ပွဲကြောင့် တစ်ပတ်ကျော်ရပ်နားပြီးနောက် ပြန်လည်ကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီ ၂၂ ရက် (ယနေ့) တွင် ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပွဲစဉ် (၆) အဖြစ် 7 Brother အသင်းနှင့် 7 Dragon အသင်း၊ လက်ဝဲသုန္ဒရအသင်းနှင့် KKY အသင်း၊ Maryar အသင်းနှင့် Black Cross အသင်း၊ YCDC Marga Youth အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း၊ JZ Yangon အသင်းနှင့် Pacific Sun Far အသင်း၊ Gold Dream အသင်းနှင့် TG United အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၅) အပြီးတွင် TG United အသင်းက ၁၂ မှတ်ဖြင့် ဦးဆောင်နေပြီး Pacific Sun Far အသင်းနှင့် 7 Dragon အသင်းတို့က ၁၀ မှတ်စီ၊ JZ Yangon အသင်းက ကိုးမှတ်၊ Black Cross အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းက ခုနစ်မှတ်စီ၊ Gold Dream အသင်းနှင့် လက်ဝဲသုန္ဒရအသင်းတို့က ခြောက်မှတ်စီ၊ KKY အသင်းနှင့် Maryar အသင်းတို့က ငါးမှတ်စီ၊ YCDC Marga Youth အသင်းနှင့် 7 Brother အသင်းက သုံးမှတ်စီ ရရှိထားသည်။

ဇန်နဝါရီ ၂၃ ရက်တွင် ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၆) အဖြစ် SGF အသင်းနှင့် MH Dream Team အသင်း၊ MIU အသင်းနှင့် ဖူဆယ်ချစ်သူအသင်း၊ Generations အသင်းနှင့် Winner Soccer အသင်း၊ VUC အသင်းနှင့် YCDC Marga အသင်း၊ YRG အသင်းနှင့် M2K အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ် (၅) အပြီးတွင် MIU အသင်းက ၁၅ မှတ်ဖြင့် ဦးဆောင်နေပြီး MH Dream Team အသင်းက ၁၁ မှတ်၊ Generations အသင်းနှင့် M2K အသင်းက ရှစ်မှတ်စီ၊ YRG အသင်းက ခြောက်မှတ်၊ Winner Soccer အသင်းက ငါးမှတ်၊ VUC အသင်း၊ ဖူဆယ်ချစ်သူအသင်းနှင့် YCDC Marga အသင်းတို့က လေးမှတ်စီ၊ SGF အသင်းက သုံးမှတ် ရရှိထားသည်။

**ကိုညီလေး**

တစ်လှေတည်းစီး တစ်ခရီးတည်းသွား
တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား
ပြည်ထောင်စုရဲ့ နှလုံးသား

# မန္တလေးမြို့ရှိ ရတနာပုံခေတ်လက်ရာ ရွှေနန်းတော်ကျောင်းကြီး ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်အနီးတွင်ရှိသော ရတနာပုံခေတ်လက်ရာဖြစ်သည့် ရွှေနန်းတော်ကျောင်း (ရွှေကျောင်းကြီး)ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး ဌာနခွဲ)က ရှေးမူမပျက် ရေရှည်တည်တံ့ပြီး အများပြည်သူလေ့လာနိုင်ရန်အတွက် ယခုနှစ်တွင် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ယင်းဌာနမှ ဦးစီးအရာရှိဒေါ်စန်းစန်းပြုံးက ပြောသည်။



ယခုနှစ်ဆောင်ရွက်မည့် လုပ်ငန်းများအနက် လက်ရှိတွင် ရွှေနန်းတော်ကျောင်းကြီးရှေ့ မျက်နှာစာဆိုင်းဘုတ်မှ စာလုံးများ ပြန်လည်ပြုပြင်ရေးသားခြင်း၊ ကျောင်းတော်ကြီးနှင့် ပတ်သက်သည့် သမိုင်းအချက်အလက်များဆိုင်ရာ ရှင်းလင်းချက်ပုံပြစာသားများ အသစ်ဆောင်ရွက်ခြင်း၊ အောက်ခြေတိုင်များတွင် ရေနံချေးသုတ်လိမ်းခြင်း၊ ဇေတဝန်ဆောင်အနောက်ဘက်နှင့်အရှေ့ဘက်ခန်းတွင်ရှိသော တိုင်ခွာများအား ရှေးမူမပျက် ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခြင်း၊ ပျက်စီးနေသော ပွတ်လုံးတိုင်များ ပြန်လည်ပြုပြင်အစားထိုး ဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် အဆောက်အအုံနှင့်မလွတ်ကင်းသော သစ်ကိုင်းများ ရှင်းလင်းခြင်းစသည့်လုပ်ငန်း ခြောက်ခုပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရွှေနန်တော်ကျောင်းကြီးဟာ ရှင်ဘုရင်လျှုဒါန်းတာဖြစ်လို့ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများထဲမှာ ပထမတန်းစားအမျိုးအစားထဲမှာ ပါဝင်ပါတယ်။ကျွန်မတို့ဌာနက နှစ်စဉ် ရှေးမူလက်ရာမပျက် ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။လာရောက်လေ့လာကြတဲ့ ပြည်တွင်း ပြည်ပဧည့်သည်တွေ ရောက်ရှိလာတဲ့အခါ သမိုင်းကြောင်းဆိုင်ရာနဲ့ သူတို့သိလိုတာတွေကို ရှင်းပြပေးပါတယ်။ ရွှေနန်းတော်ကျောင်းကြီးဟာ ဒုတိယကမ္ဘာစစ်အတွင်းမှာ မပျက်စီးဘဲ ကျန်ရှိခဲ့တာဖြစ်သလို မြန်မာ့ရိုးရာ ပန်းဆယ်မျိုးလက်ရာတွေကို တစ်နေရာတည်းမှာ ကြည့်ရှုလေ့လာနိုင်တဲ့အတွက် ပြည်တွင်း ပြည်ပခရီးသွားများသာမက တက္ကသိုလ်ကောလိပ်နဲ့ အခြေခံပညာအဆင့်ကျောင်းသား ကျောင်းသူများအားလုံး လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ဒေါ်စန်းစန်းပြုံးက ပြောသည်။

ထို့ပြင်ရွှေနန်းတော်ကျောင်း ဘုရားဆောင်အတွင်းရှိ မောင်းမလည်တိုင်များတွင် ဗုဒ္ဓမြတ်စွာဘုရားဖြစ်တော်စဉ် ဇာတ်တော်ကြီး ဆယ်ဘွဲ့ကို အလျား ၆ ပေ ၄ လက်မ၊ အထူ သုံးလက်မ ရှိသော ကျွန်းပြားပေါ်၌ ပန်းနွယ် ပန်းခက်များဖြင့် ရုပ်လုံးကြွသရုပ်ဖော်ထွင်းထုထားရာ ရေရှည်တည်တံ့ရေးအတွက် လာရောက်ကြည့်ရှုသူများ ကိုင်တွယ်ခြင်းမရှိစေရန် အကာအရံများပြုလုပ်ခြင်းတို့လည်း ဆောင်ရွက်ထားကြောင်း သိရသည်။

"ရွှေနန်းတော်ကျောင်းကြီးကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ၁၉၉၅ ခုနှစ်မှာ စတင်ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါတယ်။ လာရောက်လေ့လာမယ်ဆိုရင် ဝင်ကြေးအနေနဲ့ ပြည်တွင်း ဧည့်သည်တစ်ဦးကို ငွေကျပ် ၅၀၀ နဲ့ ၁၂ နှစ်အောက်ဆိုရင် အခမဲ့ ဖြစ်ပါတယ်။ ပြည်ပခရီးသွားတစ်ဦးဆိုရင် ငွေကျပ် ၁၅၀၀၀ ကောက်ခံပါတယ်။ ကျောင်းသား ကျောင်းသူတွေဆိုရင် ဝင်ခွင့်အတွက် ကင်းလွတ်ခွင့် ပြုထားပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ရွှေနန်းတော်ကျောင်းသည် ယခင်က မြနန်းစံကျော် ရွှေနန်းတော်အတွင်း တည်ရှိခဲ့ပြီး မင်းတုန်းမင်းကြီး၏ သီးခြားဆောင်အဖြစ် အသုံးပြုခဲ့ကာ ခရစ်နှစ် ၁၈၇၈ ခုနှစ်၊ မင်းတုန်းမင်းနတ်ရွာ စံပြီးနောက် သားတော် သီပေါမင်းက စနစ်တကျဖြုတ်သိမ်းကာ လက်ရှိနေရာ၌ ပြောင်းရွှေ့တည်ဆောက်ခဲ့ရာ ၁၈၈၃ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်းနှင့် တိုင်ပေါင်း ၁၅၀၊ ရှေ့နောက် ၁၁၆ ပေ၊တောင်မြောက် ၇၁ ပေနှင့် အမြင့် ပေ ၆၀ ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ချောင်းဆုံမြို့နယ်၌ ဆီထွက်သီးနှံနေကြာ စိုက်ပျိုးထားရှိမှုများ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ချောင်းဆုံ ဇန်နဝါရီ ၂၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံစေရေးနှင့် ဆောင်းသီးနှံစိုက်တောင်သူများ မျိုးကောင်းမျိုးသန့်များကို နည်းစနစ်မှန်ကန်စွာ စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့် တာဝန်ရှိသူများက ယနေ့တွင် ကုလားဘီကျေးရွာ ဆီထွက်သီးနှံနေကြာ ဧက ၂၀၀ စံပြကွက်နှင့် နတ်မော်ကျေးရွာရှိ စိုက်ပျိုးရေးဦးစီးဌာန နေကြာစံပြစိုက်ကွက်များသို့ ကွင်းဆင်းကြည့်ရှုကြသည်။



ချောင်းဆုံ မြို့နယ်အတွင်း ဆောင်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် ဆီထွက်သီးနှံ ၅၃၂၅ ဧက၊ နှမ်းပါး ၁၂၄ ဧက၊ပဲမျိုးစုံ ၃၉၈၂ ဧကနှင့် ပိုက်ဆံလျှော် ဧက ၂၀ စိုက်ပျိုးနိုင်ရန်အတွက် လျာထားဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ဆောင်းသီးနှံ စုစုပေါင်း ၉၆၉၃ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

# တောင်ငူမြို့နယ်၌ နှမ်းပါးဧက ၂၀၀၃၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိ

**တောင်ငူ ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ နှမ်းပါးစိုက်ပျိုးခြင်းစွမ်းအား တိုးတက်မြင့်မားရေးအတွက် နှမ်းပါးစိုက်ပျိုးခြင်းကို ဆည်ရေ၊ လျှပ်စစ်ရေတင်စနစ်၊ ရေစုပ်စက်စနစ်နှင့် မြေအောက်ရေစနစ်တို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုနှစ် နှမ်းပါးဧက ၂၀၀၃၀ စိုက်ပျိုးရန်လျာထားပြီး ဇန်နဝါရီလအတွင်း ၁၆၄၀၆ ဧကကျော် စိုက်ပျိုးပြီးစီးကြောင်းနှင့် လျာထားစိုက်ဧကများ အားလုံးပြီးစီးအောင် ရည်မှန်း ဆောင်ရွက်လျက်ရှိကြောင်း၊ စပါးအထွက်နှုန်းကောင်းမွန်သည့် ရက် ၉၀၊ နှံကောက်၊ ဆင်းသုခစပါးမျိုးများ စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



တောင်ငူမြို့နယ်တွင် နှမ်းပါးပန်းတိုင် ပြည့်မီကျော်လွန်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီက ကြီးကြပ်၍ စိုက်ပျိုးနည်းစနစ်သင်တန်းဖွင့်လှစ်ခြင်း၊ တောင်သူလယ်သမားများအား နှမ်းပါးစိုက်ပျိုးခြင်းကို အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

## ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ် - ၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှုမြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

### ရောဂါကူးစက်ပုံနည်းလမ်းများ

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

### ရောဂါလက္ခဏာများ

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနှာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကျပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပွွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

### ရောဂါကာကွယ်ရေးနည်းလမ်းများ

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ သုခမိန်လမ်း၊ မြေကွက်အမှတ်(၃၆၇)၊ အကျယ်အဝန်း (၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင်အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့်အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ **ဒေါ်သိန်းမြင့် (၁၂/တမန(နိုင်)၀၂၄၉၈၃)**ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူကဝယ်ယူရန်(၂၀-၁-၂၀၂၅)ရက်စွဲပါစာချုပ်ဖြင့်စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါကကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးအောင်မျိုးသိန်း ( LL.B, DBL, DIL, DA Psy )**
တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၈၃၃)
အမှတ်-၅၀၊ပ-ထပ်၊အခန်း (D-2)၊ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ဖုန်း-၀၉ – ၇၈၅၅၅၀၂၅၄



## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/၃၊ မြေကွက်အမှတ်-၉၇ ဖြစ်သော အမှတ်-၃/၃/၂၀၊ ငထင်ငယ်လမ်း၊ စိုက်/မွေး (၁) ရပ်ကွက် (လေးဒေါင့်ကန်)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် ဧရိယာ (အလျား ၈၀' x အနံ ၁၂၀') အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (အလျား ၄၀' x အနံ ၁၂၀') အကျယ်ရှိ ဦးထွန်းညွှန့်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူများဖြစ်ကြသော (၁) ဦးအောင်သန်းထွန်း[၁၂/ဒပန(နိုင်)၀၃၅၃၃၈]၊ (၂)ဒေါ်ဖြူဖြူခိုင်[၁၂/ဒဂတ (နိုင်) ၀၁၀၁၆၃]၊ (၃) ဦးကျော်စွာ [၁၂/လကန(နိုင်)၀၆၁၆၂၇]၊ (၄) ဦးသက်နိုင်ထွန်း (ခ)သက်ဆွေ[၁၂/လကန (နိုင်) ၀၆၁၄၂၈]တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီး ဖြစ်ပါသည်။ အထက်ပါမြေနှင့် အဆောက်အဦနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ဆုမြတ်မွန် (LL.B, D.B.L, D.I.L)** | **ဒေါ်သူဇာထွေး (LL.B, WIPO Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၇၀)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၁၈)** |

**အမှတ်-၁၀/၁၂၊ မြေညီထပ်၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၁၄၅၄၃၀၊ ၀၉-၄၅၀၀၄၄၆၉၆**



## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ်-၄၅၅၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေအမျိုးအစား နှစ်(၆၀)မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ်-၄၅၅၊ စိန်ခြယ်မြင့်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဦးဝင်းမြတ်ထွန်း[၁၂/မရက(နိုင်)၀၃၆၇၆၀]မှ မိမိတစ်ဦးတည်း တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးအေးမင်းဇော်** | **ဦးကျော်မင်းနိုင်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၆၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၆၃)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**



## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ ရတနာပုံ(၃)လမ်း၊ မြေကွက်အမှတ်-(၇၃၉/က) နေ ဦးမြင့်ဆွေ(MYA-၀၃၆၉၅၆) (၅/မရန(နိုင်)၂၄၃၁၈၆) ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည် –

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်အေး (ခ) ဦးမြင့်ဆွေ (MYA-၀၃၆၉၅၆) (၅/မရန(နိုင်)၂၄၃၁၈၆) ကိုင်ဆောင်သူမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်မျိုးထက် (LL,B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၂၇)

အမှတ်(၁၀၁)၊ပထမထပ်၊(၃၉)လမ်း (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်။၀၉-၄၃၂၀၇၃၃၉



အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၁၁.၁.၂၀၂၅နေ့ထုတ်ကြေးမုံ သတင်းစာ၏စာမျက်နှာ-၂၂ ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်သီရိဦး၏ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းကြော်ငြာတွင် အမှူထမ်းရပ်ကွက်၊ စံပါယ်လမ်းသွယ်(၂)၊ အမှတ်(၁၈၂) အစား အမှတ်(၁၈)ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။



## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ သဇင်မြိုင်လမ်း၊မြေကွက်အမှတ်(၆၃၀-ခ)၊ မြေအကျယ်အဝန်း(အလျား ၂၀x အနံ၆၀)ပေရှိ(ဂရန်မိတ္တူ)မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးအေးတင့်(AB 006643)** အမည်ဖြင့် မှတ်သားထားပြီး လက်ရှိပိုင်ဆိုင်ထားသော **ဒေါ်လွဲ့လွဲ့ဝင်း[၁၂/ဗတထ(နိုင်) ၀၀၁၁၀၈]**မှ မိမိသာလျှင်လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော **ဦးလင်းလင်းအောင် [၉/ရမသ(နိုင်)၁၄၂၂၁၁]**နှင့် **ဒေါ်ချိုချိုဝင်း[၉/ပဘန(နိုင်)၂၁၁၉၂၅]**တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**
**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**



တရားမပုံစံအမှတ်-၃၃

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ-၂၀ )
## ကမာရွတ်ခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၁၈

| | | |
|---|---|---|
| ဦးကျော်ဇင်သက် | နှင့် | ၁။ဒေါ်ဇာဇာလွင် |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မို့မို့လွင်) | | ၂။ဦးစိုင်းညီညီဟန် |
| ( တရားလို ) | | (တရားပြိုင်များ) |

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ မြေကွက်အမှတ်-၆၆၈၊ အမှတ်-၅နေ (၂)တရားပြိုင် ဦးစိုင်းညီညီဟန်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌တရားလိုက အဆိုလွှာပါအတိုင်းရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့၊ ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၅ ရက် နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူတရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည် ။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းနိုင်ဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ကမာရွတ်ခရိုင်တရားရုံး**



## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ရွှေပေါက်ကံ)၊ မြေကွက်အမှတ်(၂၇၈)၊ (၂၄၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၂၇၈)၊ ဂျိုးဖြူလမ်း၊ (၁၅/ရွှေပေါက်ကံ)ရပ်ကွက်၊ ဦးဖိုးထွေး(WDN-၁၃၄၅၁၁) အမည်ပေါက်၊ နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဖိုးထွေး (ဖခင်)သည် (၂၈-၁-၂၀၁၈) ရက်နေ့တွင်လည်းကောင်း၊ ဒေါ်စိန်စိန်ညွှန့်(မိခင်)သည် (၁၅-၅-၂၀၂၂) ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့သဖြင့် ဒေါ်ဟေသီဝင့် [၁၂/ဥကမ(နိုင်) ၁၉၃၀၃၆]မှ တရားဝင် အမွေဆက်ခံခွင့်ရှိသည့်တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၃၇၄/၂၀၂၄(၂၀-၉-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## “အများသိစေရန်ကြေညာခြင်း”

ကရင်ပြည်နယ်၊ ဘားအံမြို့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံဝင်းနေ လက်ထောက်ကထိက ဒေါ်ဝတ်ရည်အောင်[၉/ပမန(နိုင်)၁၉၃၈၉၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည် –

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝတ်ရည်အောင်၏ အမည်နှင့်ဓာတ်ပုံများကို အသုံးပြု၍ Facebook နှင့် အခြားသော Social Media စာမျက်နှာများတွင် ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်လျက် မမှန်ကန်သော အကြောင်းအရာများ၊ စွပ်စွဲချက်များဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန် မမှန်ရေးသားမှုများ ဆောင်ရွက်နေသူ မည်သူ့ကိုမဆို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် မိမိတို့ဆောင်ရွက်ထားမှုများအား ဤအများသိစေရန်ကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း Facebook နှင့် Social Media စာမျက်နှာများမှ ဖျက်သိမ်းဖယ်ရှားပေးပါရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ဖျက်သိမ်းဖယ်ရှားပေးခြင်းမရှိဘဲ ဆက်လက်တည်ရှိနေမည်ဆိုပါက ကျွန်ုပ်မိတ်ဆွေမှ ၎င်း၏နစ်နာဆုံးရှုံးမှုနှင့် ဂုဏ်သိက္ခာအတွက် တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**



## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၀

| | | |
|---|---|---|
| ဒေါ်ပပကလျာမျိုး | နှင့် | ဦးအေးသိန်း |
| (တရားလို) | | (တရားပြိုင်) |

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ သိပ္ပံမောင်ဝလမ်း၊ အမှတ်(၁၀၅)နေ ဦးအေးသိန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုက “**မြေကွက်နှင့်အိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု**” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် ( ၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် ကြိုတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**



## ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ မြောင်းကြီးလမ်း၊ အမှတ်(၆၁)၊ (မြေညီထပ်/ဘီ)၊ (၄-လွှာ/ဘီ)၊ (၅-လွှာ/ဘီ)တိုက်ခန်းများနှင့်ပတ်သက်၍ ဦးအောင်ဇင်ဦး၊ ဒေါ်ခင်လတ်လတ်စိုး (တရားလွှတ်တော်ရှေ့နေများ)တို့၏ (၁၆-၁-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၆)ပါ ကြေညာချက်အပေါ် ပြန်လည်ရုပ်သိမ်းပေးပါရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၈)ရပ်ကွက်၊ မြောင်းကြီးလမ်း၊ အမှတ်(၆၁)၊ ၄-လွှာ/B တိုက်ခန်းသည် ဦးဋ္ဌေးကိုအောင် ပိုင်ဆိုင်သည့်တိုက်ခန်းဖြစ်ပြီး၊ (မြေညီထပ်/ဘီ)၊ (၅-လွှာ/ဘီ)တိုက်ခန်းများသည် ဦးတင်ကိုအောင်(ကွယ်လွန်)နှင့် ဦးဋ္ဌေးကိုအောင်တို့ နှစ်ဦးပိုင်တိုက်ခန်းဖြစ်ပါသည်။ CB Bank စာအုပ်နှင့် ATM Card တို့သည် ဦးဋ္ဌေးကိုအောင်လက်ဝယ်တွင်ရှိမနေပါ။ ဦးတင်ကိုအောင် ကွယ်လွန်ပြီးနောက် (၅-လွှာ/B)အခန်းနှင့် ဦးတင်ကိုအောင်နှင့်ညီဖြစ်သူ ဦးဋ္ဌေးကိုအောင်တို့နှစ်ဦးပိုင် မြေညီ/B အခန်းတို့ ကျန်ရှိပါသည်။

၂။ ဦးတင်ကိုအောင်ပိုင်ဆိုင်သည့် (၅-လွှာ/B)အခန်းအား ညီဖြစ်သူ ဦးဋ္ဌေးကိုအောင်နှင့် အမွေမမီမြေးများ ဖြစ်သည့် ကိုဥက္ကာကျော်နှင့် မောင်ခန့်အောင်ဟိန်းတို့သာ အမွေဆက်ခံသူများဖြစ်ပါသည်။ (မြေညီထပ်/B)အခန်းသည် ဦးတင်ကိုအောင်နှင့် ဦးဋ္ဌေးကိုအောင်တို့ ပူးတွဲပိုင်ဆိုင်သည့် အခန်းဖြစ်သည့်အတွက် ဦးတင်ကိုအောင်၏အမွေကို ဆက်ခံမည့်သူသည် ညီဖြစ်သူ ဦးဋ္ဌေးကိုအောင် အမွေမမီမြေး(၂)ဦးဖြစ်သည့် ကိုဥက္ကာကျော်နှင့် မောင်ခန့်အောင်ဟိန်းတို့သာဖြစ်ပါသည်။ (၄-လွှာ/B)အခန်းသည် ဦးဋ္ဌေးကိုအောင် တစ်ဦးတည်းပိုင်ဆိုင်သည့်အခန်းဖြစ်သည့်အတွက် လူကြီးမင်းတို့၏ (၁၆-၁-၂၀၂၅)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၆)ပါကြေညာချက်အား ပြန်လည်ရုပ်သိမ်းပေးပါရန် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်ဆွေထွန်း(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၁၉)**
**အမှတ်(၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၂၀၁၉၈၊ ၀၉-၇၈၄၉၇၀၃၈၉**


## သွေးသည် အသက်

### ❂ အာဆီယံမှ

နိုင်ငံခြားသား ကစားသမားတွေ၊ အရေးကြီးကစားသမားတွေအကြောင်း သေချာလေ့လာထားပြီး ပြင်ဆင်ထားတယ်။ အမှတ်ရဖို့ ပစ်မှတ်ထားနေပါတယ်’’ဟု ပြောကြားသည်။ ရှမ်းယူနိုက်တက်အသင်းခေါင်းဆောင် နန္ဒကျော်က “နည်းပြက ကျွန်တော်တို့အားလုံးကို သေချာသင်ထားပြီးပါပြီ။ နည်းပြညွှန်ကြားမှုနဲ့ ကျွန်တော်တို့ ကိုယ်စွမ်းကိုယ်စရှိတာရယ် ပေါင်းစပ်ပြီး ကစားမှာပါ။ သေချာလေ့ကျင့်ထားပြီး ယုံကြည်မှုလည်း ရှိပါတယ်’’ဟု ပြောကြားသည်။ BG ပါသွန်ယူနိုက်တက်အသင်းနည်းပြချုပ် ဆူပါချိုင်းက “ရှမ်းယူနိုက်တက်အသင်းကို လေးစားမှုအပြည့်ရှိပါတယ်။ အဓိက ကစားသမားအားလုံး ခေါ်လာပါတယ်။ ရှမ်းယူနိုက်တက်အသင်းမှာ နိုင်လိုစိတ်ပြင်းထန်တဲ့ ကစားသမားတွေ ရှိတာတွေ့ရတယ်။ သူတို့အသင်းရဲ့ PSM ပွဲရယ်၊ တီရန်ဂါနူးပွဲရယ်ကို Analysis လုပ်ပြီး လေ့ကျင့်ထားတယ်’’ ဟု ပြောကြားသည်။

ရှမ်းယူနိုက်တက်အသင်းနှင့် BG ပါသွန်ယူနိုက်တက်အသင်းသည် ဇန်နဝါရီ ၂၂ ရက် ညနေ ၆ နာရီခွဲတွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ သုံးပွဲစီကစားအပြီးတွင် BG ပါသွန်ယူနိုက်တက်အသင်းက ငါးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ အမှတ်မရသေးဘဲ။ BG ပါသွန်ယူနိုက်တက်အသင်းတွင် ချာနာသစ်ဆောင်ခရာဆင်၊ တီယာဆေးလ်ဒန်ဒါအပါအဝင် ထိုင်းလက်ရွေးစင်ကစားသမားများနှင့် နိုင်ငံခြားသားကစားသမား ကိုးဦးအထိ ပါဝင်ကစားလျက်ရှိသည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

### ❍ MNL မှ

ဇင်ညီညီအောင် (ဂိုး)၊ စွမ်းထက် တို့ဖြင့် လူစုံခဲ့သလို ဟံသာဝတီအသင်းကလည်း လတ်ဝေဘုန်း၊ သန်းတိုးအောင်၊ မောင်မောင်စိုး၊ ဝင်းမိုးကျော်၊ ဘိုဘိုအောင်တို့ဖြင့် လူစုံနီးပါးပါဝင်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်အားပြုကစားခဲ့သောကြောင့် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ၃၃ မိနစ်တွင် အောင်သီဟက ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူကာ ပထမပိုင်းအပြီးတွင် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းက ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းလာရာ ၆၂ မိနစ်တွင် ပင်နယ်တီကန်ခွင့်ရခဲ့ပြီး အောင်မြတ်သူ ကန်သွင်းရာ ဒဂုံစတားဂိုးသမား ဇင်ညီညီအောင်ကာကွယ်နိုင်သော်လည်း အောင်မြတ်သူက ထပ်ဆင့်ပိတ်သွင်းခဲ့သဖြင့် ချေပဂိုးရခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟံသာဝတီတိုက်စစ်မှူး အောင်မြတ်သူက ရရှိသည်။

ပွဲစဉ်(၁၆)အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၆ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ဟံသာဝတီယူနိုက်တက်အသင်းက ၃၇ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၃၅ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၃ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၇ မှတ်၊ ရတနာပုံအသင်းက ၂၂ မှတ်၊ မဟာယူနိုက်တက်အသင်းက ရမှတ် ၂၀၊ Dagon Port အသင်းက ၁၅ မှတ်၊ သစ္စာအားမာန်အသင်းက ၁၄ မှတ်၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၁ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ခြောက်မှတ်၊ မြဝတီအသင်းက ငါးမှတ် ရရှိထားသည်။

**ကိုညီလေး**

### ❖ ချယ်လ်ဆီးမှ

